# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၈) ရက် ၊ တနင်္လာနေ့ ၊ (1-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဧပြီ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မတ် ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဧပြီ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

## (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၃၁**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့) ကျင်းပ**

စာမျက်နှာ - ၁၀

**သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေး ၂၆ လမ်းနှင့် ၃၅ လမ်းကြား ကမ်းနားလမ်းတွင် ရေကစားမဏ္ဍပ်ကြီး သုံးခု ခွင့်ပြုပေးထား**

စာမျက်နှာ - ၂

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်**

စာမျက်နှာ - ၁၇




ရတနာပုံ
၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်
အယ်ဒီတာ့အာဘော်

# အယ်နီညိုနှင့်နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုရန်

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်လေ့ရှိသည့် ဖြစ်စဉ်ဖြစ်သော်လည်း အကျိုးဆက်များကို လွန်ခဲ့သောလေးနှစ်ကျော်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများကြုံတွေ့ခဲ့ရပြီး မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရပေသည်။

အယ်နီညိုဆိုသည်မှာ အစွန်းရောက်သဘာဝဘေးတစ်ခုဖြစ်ပြီး အလွန်ပူပြင်းခြောက်သွေ့သည့် ဖြစ်စဉ်တစ်ခုဟု အကြမ်းဖျင်းမှတ်သားနိုင်သည်။ ယေဘုယျအားဖြင့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း တစ်ကြိမ်ခန့်ဖြစ်ပေါ်တတ်သည်။ ယခုနောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်အတွင်းလည်းဖြစ်ပေါ်လာတတ်သည်ကို တွေ့ရပေသည်။ များသောအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်းခြင်း၊ သောက်သုံးရေရှားပါးခြင်းတို့ကို ဖြစ်ပေါ်စေတတ်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းကာ ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်တတ်ပေသည်။

မြန်မာနိုင်ငံ၌ အယ်နီညိုဖြစ်ပေါ်သည့်နှစ်များတွင် တစ်နိုင်ငံလုံး၌ နွေကာလပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားမှုပြဿနာများ ကြုံတွေ့ရခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်း၊ မုတ်သုံလေအင်အားနည်းခြင်း၊ မုတ်သုံလေအထွက်စောခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှု ပုံမှန်အောက်လျော့နည်းခြင်း စသည့်မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာပြဿနာများ ကြုံတွေ့ရလေ့ရှိပါသည်။ မုတ်သုံလေအဝင်နောက်ကျပြီး အထွက်စောခြင်းကြောင့် မုတ်သုံကာလတိုတောင်းပြီး မုတ်သုံမိုးကို မှီခိုရသောစိုက်ပျိုးရေးလုပ်ငန်းများကို များစွာထိခိုက်စေပါသည်။ ထို့ပြင် မုတ်သုံကာလတိုတောင်းခြင်းသည် တစ်နည်းအားဖြင့် အပူချိန်မြင့်မားသော နွေကာလများကို ရှည်လျားစေသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ သောက်သုံးရေအပါအဝင် စိုက်ပျိုးရေရှားပါးမှုပြဿနာများကို ရင်ဆိုင်ကြရပါသည်။

ဥပမာအားဖြင့်ဖော်ပြရလျှင် ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အယ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၈ မြို့တွင် အပူချိန်အမြင့်ဆုံးဖြစ်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးဖြစ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွင်း ဖြစ်ပွားခဲ့သည့် အားကောင်းသော အယ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ ကျန်းမာရေးဆိုင်ရာရောဂါများ၊ ရေရှားပါးမှုများ ကြုံခဲ့ရပါသည်။

သို့ဖြစ်ရာ မိုးလေဝသရာသီဥတုနှင့်ဆက်စပ်ဆောင်ရွက်ရသော စိုက်ပျိုးရေးကဏ္ဍ၊ ရေသယံဇာတနှင့်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ စသည်တို့ကို ဆောင်ရွက်ကြရာတွင် လတ်တလောဖြစ်ပေါ်နေသော အယ်နီညို၏နောက်ဆက်တွဲအကျိုးဆက်များကြောင့် ပြောင်းလဲလျက်ရှိသော ရာသီဥတုအခြေအနေများကို ပိုမိုအလေးထားစောင့်ကြည့်ကြရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူများအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီထုတ်ပြန်လျက်ရှိသော အယ်နီညိုအခြေအနေ သတင်းအပါအဝင် မိုးလေဝသသတင်းများ၊ သတိပေးချက်များကို စောင့်ကြည့်၍ အယ်နီညိုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုရန်လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၃၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၄၂၂၀၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ဘုရားဖူးပြည်သူ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတုပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူအပန်းဖြေကြပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်သူတွေနဲ့ စည်ကားနေပါတယ်” ဟု ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၃၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၃၉၁၅၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၁၃ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေး ၂၆ လမ်းနှင့် ၃၅ လမ်းကြား ကမ်းနားလမ်းတွင် ရေကစားမဏ္ဍပ်ကြီးသုံးခု ခွင့်ပြုပေးထား

**မန္တလေး မတ် ၃၁**

ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၃၅ လမ်းကြား ကမ်းနားလမ်းတွင် ရေကစားမဏ္ဍပ်ကြီးသုံးခု ခွင့်ပြုပေးထားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးကမ်းနားလမ်းဘက်၌ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ခွင့်ပြုနေရာ ချထားပေးလျက်ရှိကြောင်း၊ လတ်တလောတွင် ကမ်းနားလမ်းဘက်၌ ရေကစားမဏ္ဍပ်ဆောက်လုပ်ကာ ရေကစားမည့် ရေကစားမဏ္ဍပ်ကြီးသုံးခုကို ခွင့်ပြုနေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

“မန္တလေးဆိပ်ကမ်းက ခရီးသည်နဲ့ ကုန်တင်ရေယာဉ်တွေ အများဆုံးသွားလာနေကြတဲ့ ဆိပ်ကမ်းတစ်ခုပါ။ အချို့နိုင်ငံခြားသားခရီးသွားတွေလဲ လာရောက်လည်ပတ်တဲ့ဆိပ်ကမ်းတစ်ခုပါ။ မန္တလေးမြို့ရဲ့ အထင်ကရနေရာတွေမှာလဲ မန္တလေးဆိပ်ကမ်းက တစ်ခုအပါအဝင်ဖြစ်တာကြောင့် ကမ်းနားလမ်းဘက်မှာ သင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ်တွေ ခွင့်ပြုနေရာ ချထားပေးတာပါ”ဟု ဦးတင်ထွန်းဦးက ပြောပြသည်။

မန္တလေး ကမ်းနားလမ်း၌ ရေကစားမဏ္ဍပ်ကြီးများ ဆောက်လုပ်ခွင့်ကို ယခုနှစ်မှစ၍ ခွင့်ပြုနေရာချထားပေးခြင်းဖြစ်ပြီး ရေကစားမည့်သူများနှင့် ရေပက်ခံထွက်မည့်သူများအနေဖြင့် စည်းကမ်းတကျဖြင့် ရေပက်ကစားကြရန် လိုအပ်ကြောင်း သိရသည်။

“မန္တလေး ကမ်းနားလမ်းဘက်မှာ သင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်ကြီးတွေ ဆောက်လုပ်ကာ ရေပက်ကစားချင်သူတွေအနေနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကို ဧပြီ ၁၀ ရက်ထိ လာရောက်ပြီးတော့ လျှောက်ထားနိုင်ပါတယ်”ဟု ဦးတင်ထွန်းဦး ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ပြည်ပက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၃၁**

ပြည်ပက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ ကလေး၊ ကလေးဝ၊ ဂန့်ဂေါ စသည့်ဒေသတို့မှ မြေထောက်ပဲများ ဝင်ရောက်လာကြောင်း၊ မြေထောက်ပဲဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

“ဈေးကွက်အတွင်းမှာ မြေထောက်ပဲတွေ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက ဝယ်ယူနေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေတာပါ။ ဒီနှစ်က မြေထောက်ပဲအထွက်နှုန်းကောင်း၊ ဈေးကောင်းရရှိနေတာကြောင့် မြေထောက်ပဲစိုက်တောင်သူတွေ အဆင်ပြေနေကြပါတယ်။ ဒီအချိန်က မြေထောက်ပဲလှိုင်လှိုင်ပေါ်တဲ့ရာသီပါ။ နှစ်စဉ် မြေထောက်ပဲကို ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေက ဝယ်ယူတာတွေကိုလဲ တွေ့ရပါတယ်။ ဝယ်ယူတဲ့ဖောက်သည်နိုင်ငံတွေလဲ တစ်နှစ်ထက်တစ်နှစ် များပြားလာတဲ့အတွက် ဈေးကောင်းတွေရရှိနေပါတယ်”ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မြေထောက်ပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုး၍ရကြောင်း၊ မြေထောက်ပဲကို ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ ကလေး၊ ကလေးဝ၊ ဂန့်ဂေါ ဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အင်္ဂပူမြို့နယ် ရွှေကျောင်းအိုင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွှေကျောင်းအိုင်ကျေးရွာ၌ ဧရာဝတီဘဏ်နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို Mobile Financial Payment စနစ်ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဧရာဝတီဘဏ်တို့ ပူးပေါင်း၍ Manual Cash-Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြုကာ ရွှေကျောင်းအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃နှစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာအုပ်စု ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မနေဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းရွက် ပိဿာချိန် ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**မနေဖြူ မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မနေဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းရွက် ပိဿာချိန် ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မနေဖြူမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းအေးက ပြောပြ၍ သိရသည်။

မနေဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ဇန်နဝါရီလအတွင်းက ကွမ်းရွက် ပိဿာချိန် ၄၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ကွမ်းရွက်ပိဿာချိန် ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

"မနေဖြူမြို့နယ်ကနေ ရန်ကုန်နဲ့ မအူပင်မြို့နယ်တွေကို လယ်ယာထွက်ကုန်တွေ၊ ခြံထွက်ကုန်တွေ တင်ပို့ရောင်းချတာ များပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းမှာတော့ မနေဖြူမြို့နယ်ကနေ မအူပင်မြို့နယ်ဘက်ကို ဒေသထွက်ကွမ်းရွက် ပိဿာချိန် ၈၃၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ သယ်ယူတင်ပို့ရတဲ့ လမ်းကြောင်းကလဲ အဆင်ပြေသလို ဝယ်လက်တွေကလဲ ဒီဘက်က ကွမ်းရွက်တွေကို ကြိုက်တယ်။ ဒါကြောင့် တင်ပို့ရောင်းချမှုမြင့်တက်လာတာဖြစ်ပါတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့ လုပ်ငန်းရှင်တွေ အလုပ်အကိုင်ရရှိပါတယ်"ဟု မနေဖြူမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းအေးက ပြောပြသည်။

မနေဖြူမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်အပြင် မအူပင်မြို့နယ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း မနေဖြူမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဝင်းဝင်းအေးကပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ကင်မွန်းတန်း(နှ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်မွန်းတန်းကျေးရွာအုပ်စု ကင်မွန်းတန်း(နှ)ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကင်မွန်းတန်း(နှ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုးသန်းညွန့်**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၉၇၉၆၈ ဧက နုတ်သိမ်းပြီးစီး

**ကန့်ဘလူ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၉၇၉၆၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။


ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများကို ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၇၉၆၈ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၆၂ ဒသမ ၀၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၉၇၉၆၈ ဧက စိုက်ပျိုးထားတယ်။ လက်ရှိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ ဆောင်းမြေပဲတိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်။ မြေပဲစိုက်ပျိုးရာမှာ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခတွေနဲ့ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးတွေအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၉၅၂၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၉၇၉၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းရှင်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၂၀၆)



# ပညာရေးနှင့် ကလေးဘဝ

## ချစ်နိုင်(စိတ်ပညာ)

**ငယ်စဉ်က**

ကျွန်တော့်ဇာတိမြို့ ချောက်မြို့မှာ ရပ်ကွက်နာမည်တွေက ဘယ်အချိန် ဘယ်သူအမည်မှည့်ခဲ့သလဲတော့မသိပါ။ အမျိုးအစားမတူကြပါ။ ရပ်ကွက်အမည်အချို့ နမူနာဖော်ပြပါရစေ-

ကင်ပွန်းခြံရပ်
ကမ်းနားရပ်
ချောက်ဘက်
ဈေးရပ်
ညောင်ဖြူပင်ရပ်
တမာအိုင့်ရပ်
ပတ္တမြားရပ်
ပျဉ်းမကုန်းရပ်
ဗဟိုကွက်သစ်ရပ်
မြို့မရွာဟောင်းရပ်
ရွှေသူဌေးကုန်းရပ်
ရွှေတွင်းကုန်းရပ်
အေးစေတီရပ်

အောင်မြေရပ် စသဖြင့်ဆိုပါစို့။ ကျွန်တော်တို့ငယ်ငယ်က ရပ်ကွက်လို့ ခေါ်လေ့ခေါ်ထမရှိခဲ့ကြပါ။ ရပ်လို့ပဲ ပြောကြ၊ ရေးကြတာပါပဲ။ ကျွန်တော်နေခဲ့တာ ပတ္တမြားရပ်ရယ်၊ ဗဟိုကွက်သစ်ရပ်ရယ်။ အမည်တွေကို ကကြီးကနေ အ အထိစဉ်ထားတာတွေ့လား။ အမည်ထိပ်စီးအက္ခရာအရ ရှေ့နောက်အစီအစဉ်ကျတယ်မဟုတ်လား။ ကျွန်တော်တို့ ကြီးနီရွာကျောင်းက ဆရာ၊ ဆရာမတွေက ဒါကိုတစ်ခါမှ မသင်ပြဖူးပါဘူး။ ချောက်မြို့ ပတ္တမြားရပ် မူလတန်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဆရာမှတ်ဆိုတဲ့ ပုဂ္ဂိုလ်က သူ့ရဲ့လေးတန်းကျောင်းသားတွေကို **"စနစ်၊ ဇယား"**ဆိုတာ အကြောင်းပြဋ္ဌာန်းချက် သင်ရိုးစာအုပ်ထဲက သင်ခန်းစာမဟုတ်ဘဲ ရှင်းပြခဲ့တာပါ။ ကျွန်တော်က ပတ္တမြားမူလတန်းကျောင်းရှိ တူတစ်ဝမ်းကွဲ လေးတန်းကျောင်းသားနဲ့အတူ သူများကျောင်းကို လေ့လာရေးအနေနဲ့ အဖော်လိုက်သွားရင်း တစ်နေကုန်ကျောင်းတက်ခဲ့ရတာပါ။ အစ်ကိုကြီးက အထက်တန်းပြဆရာဖြစ်တဲ့ အပြင် ပတ္တမြားရပ်ကွက်ထဲမှာ အတူနေကြသူတွေ လူရင်းတွေဆိုတော့ တောမှာနေတဲ့ ကျွန်တော့်ကို ချောက်မြို့ ပတ္တမြားရပ် မူလတန်းကျောင်း တက်ဖူးအောင် အဖော်အဖြစ် ထည့်ပေးလိုက်တာဖြစ်ပါတယ်။

**စေတနာပါပါ**

အဲဒီတစ်ရက် သူများမူလတန်းကျောင်းက စတုတ္ထတန်းမှာ တစ်နေ့တာဝင်ထိုင်ရင်း သင်လိုက်တာနဲ့ ဒီကျောင်းအုပ်ဆရာကြီးရဲ့ စေတနာနဲ့အရည်အချင်းကို မိမိအံ့အားသင့်စွာ သတိပြုမိခဲ့ပါတယ်။ မိမိသူငယ်တန်းမှ တစ်တန်း၊ နှစ်တန်း၊ သုံးတန်းဆရာ၊ ဆရာမတွေဟာ သဘောတော့ကောင်းကြပါတယ်။ ပြုံးပြုံးရွှင်ရွှင်ကြင်ကြင်နာနာရှိကြတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ စာကိုတကယ်တတ်အောင်သင်ကြားပြသရာမှာတော့ ပတ္တမြားမူလတန်းကျောင်းအုပ်ဆရာကြီး ဦးမှတ်နဲ့လက်ထောက်မူလတန်းပြဆရာ ဦးစံတင် (ဆရာမှတ်ရဲ့အစ်ကိုအရင်း)တို့လောက် စေတနာပါပါ အားတက်သရော သေသေချာချာ ဂယနဏာတပည့်တွေကို ဂရုတစိုက်မသင်ကြားတာတွေ ကွဲပြားတယ်။ အဲဒီအချိန်က ကျွန်တော်မှတ်မိသလောက်တော့ ပတ္တမြားမူလတန်းကျောင်းမှာ သင်ကြားပြသနေတဲ့ ဆရာ၊ ဆရာမ လုံလုံလောက်လောက် များများစားစား မရှိလှပါ။ ဆရာသုံးယောက်၊ လေးယောက်နဲ့တပည့် ၂၀၀ ကျော်ကို ကြိုးစားပမ်းစားသင်ပြနေကြတာပါ။ ပတ္တမြားရပ် မူလတန်းကျောင်းက ဆရာမှတ်လက်ထက်မှာ နာမည်ကောင်းကျော်ကြားထင်ရှားပါတယ်။ ဆရာတွေ စာသင်ကောင်းတယ်။ ကျောင်းသားတွေ တကယ်စာတတ်တယ်။ သူ့လုပ်သက်တစ်လျှောက် သင်ကြားပေးခဲ့တဲ့ တပည့်တွေဟာ စာတော်တာတင်မကဘူး ကုန်သည်ဈေးသည်ဖြစ်ရင်လည်း ထွန်းပေါက်ကြီးပွားကြတာပဲ။

**စနစ်ကျခြင်း**

လူတွေတန်းစီမယ်ဆိုရင် အရပ်အနိမ့်အမြင့်နဲ့ ကြည့်ကောင်းအောင် အမှတ်စဉ်မှတ်ပြီး (စစ်ရေးပြနည်းစနစ်ပါပဲ။) ရှေ့နောက်ညှိရင်း စနစ်တကျစဉ်ပေးတတ်တယ်။ အခုလို ရပ်ကွက်အမည်၊ အခြင်းအရာအမည်မျိုးကို စာရင်းဖြစ်ဖြစ်၊ ဇယားဖြစ်ဖြစ်ရေးဆွဲရင် ကြီးစဉ်ငယ်လိုက် ဝါစဉ်နဲ့ အက္ခရာဝလိအရဖြစ်ဖြစ်၊ နာရီလက်တံလှည့်သလို မြောက်အရပ်မှစပြီး အရှေ့မြောက်၊ အရှေ့ စသဖြင့် ပတ်ချာလည်အစဉ်အတိုင်းသွားရတာမျိုး ဆရာမှတ်က သင်ပြပါတယ်။ အခြေခံသဘောတရားကို အခြေပြုတဲ့ (Principle Centered System) နည်းစနစ်နဲ့ လုပ်တတ်ကိုင်တတ်အောင် သင်ကြားလေ့ကျင့်ပေးပါတယ်။

စာမကျက်ရင် ရိုက်တယ်။
အိမ်စာမလုပ်ရင် ဒဏ်ပေးတယ်။
စာမသင်ချင်တဲ့ကလေးက ကျောင်းပြောင်းတယ်။
စည်းကမ်းကို သူက အလေးထားပါတယ်။

ကျွန်တော်တို့ငယ်ငယ်က စကောလားရှစ်ခေါ်တဲ့ ပညာသင်ထောက်ပံ့ကြေး ဂုဏ်ပြုဆုပေးတဲ့စနစ်ရှိနေခဲ့ပါသေးတယ်။ မြို့နယ်အတွင်းရှိ လေးတန်းကျောင်းသား၊ ခုနစ်တန်းကျောင်းသားတွေထဲက ကျောင်းအုပ်ဆရာကြီးနဲ့ အတန်းပိုင်ဆရာတို့က အတော်ဆုံးလို့ ယုံကြည်ယူဆတဲ့ လက်ရွေးစင်တပည့်ကို စကောလားရှစ်စာမေးပွဲဖြေစေဖို့ အခွင့်အရေးပေးရွေးချယ်ပါတယ်။ အလယ်တန်းအတွက် သုံးနှစ်စာပညာသင်ဆု လစဉ် ငွေ ၁၅ ကျပ်လား၊ ငွေကျပ် ၂၀ လား ထောက်ပံ့ပေးပါတယ်။ စာအုပ်ဖိုး၊ ခဲတံဖိုးရတာပေါ့။ ငွေကြေးထက် ပညာထူးချွန်လို့ နိုင်ငံတော်က အသိအမှတ်ပြုခံရတယ်ဆိုတဲ့ဂုဏ်က ပိုပြီးကြည်နူးဝမ်းသာစရာကောင်းလှပါတယ်။

မိမိတို့ ကြီးနီရွာအလယ်တန်းကျောင်းမှာတော့ နှစ်စဉ်အတန်းတိုင်းမှာ ပ၊ ဒု၊ တ ထိပ်ဆုံးမှာအမြဲရနေတော့ လေးတန်း စကောလားရှစ်စာမေးပွဲကော၊ ခုနစ်တန်းစကောလားရှစ်စာမေးပွဲကော ဖြေခွင့်ရခဲ့ပါတယ်။ ကျောင်းအုပ်ဆရာကြီးက ရွေးချယ်တယ်။ အခွင့်အရေးရခဲ့တယ်။ ကျောင်းအုပ်ဆရာကြီးက ဦးသာမွေးတဲ့။ သူ့သမီးလေးက ကျွန်တော်နဲ့အတန်းတူပါပဲ။ လေးတန်းမှာလည်း အတူတူ၊ ခုနစ်တန်းမှာလည်း အတူတူ၊ သူလည်းစာတော်တာပါပဲ။ ဒါပေမဲ့ ဆရာကြီးက ကျွန်တော့်ကိုပဲ စကောလားရှစ်ဖြေခွင့်ရွေးချယ်စေလွှတ်ပါတယ်။ ဒါပေမဲ့ စကောလားရှစ်ဆုတော့မရပါ။ မကွေးတိုင်းတစ်တိုင်းလုံးမှ သုံးလေးယောက်ရွေးတာမျိုးမို့ မိမိက အဲဒီလောက် ထူးခြားထူးချွန်တာတော့ ဟုတ်ပုံမရပါ။

ချောက်မြို့ ပတ္တမြားရပ်က ပတ္တမြားမူလတန်းကျောင်းကတော့ ကျောင်းအုပ်ဆရာကြီး ဆရာမှတ်နဲ့ လက်ထောက်ဆရာ ဦးစံတင်တို့ရဲ့ ကျောင်းစာသင်ချိန်ကော၊ ညနေပိုင်းအချိန်ပိုစေတနာနဲ့ သင်ကြားပေးတာတွေကော(အခြားကျောင်းတွေက ဆရာ၊ ဆရာမတွေထက်)ထူးထူးခြားခြားအပင်ပန်းခံပြီး စေတနာသန့်သန့်သင်ကြားလေ့ရှိတာကြောင့် လေးတန်းစကောလားရှစ်စာမေးပွဲမှာ နှစ်စဉ်နှစ်တိုင်း ပတ္တမြားကျောင်းမှ လက်ရွေးစင်ကလေးက ထောက်ပံ့ကြေးဆုရစမြဲပါပဲ။

❖ ကျွန်တော်တို့ငယ်ငယ်က စကောလားရှစ်ခေါ်တဲ့ ပညာသင်ထောက်ပံ့ကြေးဂုဏ်ပြုဆုပေးတဲ့စနစ် ရှိနေခဲ့ပါသေးတယ်။ မြို့နယ်အတွင်းရှိ လေးတန်းကျောင်းသား၊ ခုနစ်တန်းကျောင်းသားတွေထဲက ကျောင်းအုပ်ဆရာကြီးနဲ့ အတန်းပိုင်ဆရာတို့က အတော်ဆုံးလို့ ယုံကြည်ယူဆတဲ့ လက်ရွေးစင်တပည့်ကို စကောလားရှစ်စာမေးပွဲဖြေစေဖို့ အခွင့်အရေးပေးရွေးချယ်ပါတယ်။ အလယ်တန်းအတွက် သုံးနှစ်စာပညာသင်ဆု လစဉ် ငွေ ၁၅ ကျပ်လား၊ ငွေကျပ် ၂၀ လား ထောက်ပံ့ပေးပါတယ်။ စာအုပ်ဖိုး၊ ခဲတံဖိုးရတာပေါ့။ ငွေကြေးထက် ပညာထူးချွန်လို့ နိုင်ငံတော်က အသိအမှတ်ပြုခံရတယ်ဆိုတဲ့ဂုဏ်က ပိုပြီးကြည်နူးဝမ်းသာစရာကောင်းလှပါတယ်။ ❖

**မြဖြူစင်စင်**

မိဘက သူ့သားပညာသင်ထောက်ပံ့ကြေးဆုရလို့ ဆရာမှတ်တို့ ကျောင်းဆရာညီအစ်ကိုကို ဘာငွေကြေးမှ မပေးရပါ။ စေတနာ့ဝန်ထမ်း တကယ့်စေတနာဆရာစစ်စစ်တွေဖြစ်ပါတယ်။ မနေနိုင်လို့ ကန်တော့ချင်ရင် ငှက်ပျောသီးတစ်ဖီး၊ နှစ်ဖီး ဒါမှမဟုတ် ချည်လုံချည်လေးတစ်ကွင်းပေါ့။ (အဲဒီတုန်းက ချည်လုံချည်တစ်ကွင်းကို ငွေခုနစ်ကျပ်၊ ရှစ်ကျပ်ပါ) ချည်ချောနှစ်တစ်ရာခေါ်တာပေါ့။

ဒီလို စားစရာတွေ၊ ဝတ်စရာတွေ ကျောင်းသားမိဘနဲ့ ကျောင်းသားဆီကမျှော်လင့်ပြီး ထူးချွန်အောင်သင်ပြပေးနေကြတာလည်းမဟုတ်ပါဘူး။ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ မေတ္တာတွေနဲ့သာ **မြဖြူစင်စင်သင်ကြား**ခဲ့ကြတဲ့ သူတော်ကောင်းလူမွန်ဆရာကြီးတွေပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၊ ၆၀ ကို သိမီတဲ့ ချောက်မြို့ မြို့သူ၊ မြို့သားမှန်ရင် ပတ္တမြားမူလတန်းကျောင်းနဲ့ ကျောင်းအုပ်ဆရာကြီး ဆရာမှတ်၊ ဆရာဦးစံတင်တို့ရဲ့ ဂုဏ်သတင်းနဲ့ ပညာသတင်းကို မသိသူမရှိပါဘူး။

ချောက်မြို့ ပတ္တမြားကျောင်းမှာ မူလတန်းနေခဲ့တဲ့ ညီဝမ်းကွဲ လေးတန်းကျောင်းသားနဲ့အတူ လိုက်သွားပြီး စာသင်ခန်းအတူတက်တော့ မနက်ခင်းပိုင်းတစ်ချိန်မှာ အက္ခရာသင်္ချာသင်နေပါတယ်။

မသိကိန်း C ဆိုတာရယ်၊
မသိကိန်း F ဆိုတာရယ်၊
C က စင်တီဂရိတ် (Centigrade) ခေါ်တယ်။
F က ဖယ်ရင်ဟိုက် (Fahrenheit) ခေါ်ပါတယ်။

အပူချိန်ပြတဲ့ပြဒါးတိုင်မှာ နှစ်မျိုးသိရတာကို ကိန်းဂဏန်းအရ တစ်မျိုးသိရင် အခြားတစ်မျိုးကိုပါ သိနိုင်တဲ့ပုံသေနည်း(Formulae) အက္ခရာသင်္ချာသင်ခန်းစာ။ ကျွန်တော်တို့တောကျောင်းမှာ အက္ခရာသင်္ချာကော၊ ဂျီဩမေတြီသင်္ချာကော မသင်ရပါ။ အလယ်တန်းပညာဒါးတန်းမှာမှ သင်ကြရပါတယ်။ ပတ္တမြားကျောင်းကတော့ လေးတန်းကလေးတွေကို ပြင်ပဗဟုသုတအနေနဲ့ သင်ပေးနေပါပေါ့လား။ ကိုယ်တွေ့အံ့ဩခဲ့ရ။

**ဂုဏ်သတင်း**

ပတ္တမြားရပ်ရှိ ပတ္တမြားမူလတန်းကျောင်းရဲ့ ကောင်းသတင်းဂုဏ်ရနံ့သင်းပျံ့တာဟာ ချောက်မြို့ရဲ့ နယ်နိမိတ်ကိုကျော်လွန်ပြီး မကွေးခရိုင်၊ မကွေးတစ်တိုင်းလုံးကို မွှေးပျံ့ကြိုင်လှိုင်စေခဲ့ပါတယ်။ ဆရာမှတ်ရဲ့သားတစ်ယောက်ဟာ ရေနံအထက်တန်းအရာရှိကြီးပါ။ ဆရာဦးစံတင်ရဲ့သားဟာ အထက်တန်းကျောင်းကျောင်းအုပ်ဆရာကြီးတစ်ယောက်ပါ။ အေးစေတီအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်ပေါ့။ ပညာချွန်ကြပါတယ်။

ဒီဆရာကြီးတွေကမှ အနာဂတ်ကိုတည်ဆောက်သူတွေနော်။ လူတော်လူကောင်းတွေ၊ လူချွန်လူမွန်တွေ၊ ကလေးလူငယ်တွေကို ဘဝရဲ့အချိန်တွေ နေ့စဉ်နေ့စဉ်အချိန်ပိုပေးပြီး ရသမျှလခလေးနဲ့ ကျေနပ်ရောင့်ရဲစွာပဲ အင်္ကျီအဖြူက ဝါရော်နေပေမယ့်လည်း၊ ပုဆိုးကွင်းက နွမ်းရိပေမယ့်လည်း စေတနာမေတ္တာကြီးမားစွာ ပညာသင်ကြားနေကြတဲ့ ပန်းပျိုးသူဥယျာဉ်မှူးကြီးတွေကို အတုယူအားကျစရာ ရင်ထဲစွဲအောင်နားလည်တွေ့မြင်ခဲ့ကြရပါတယ်။

**အားကျမိ**

ပတ္တမြားမူလတန်းကျောင်းမှ လူတော်လူကောင်း၊ လူချွန်လူမွန်တွေ ဘယ်လောက်တောင်များများမွေးထုတ်ပေးနိုင်ခဲ့သလဲဆိုတာတော့ သူတို့ကျောင်းဆရာလုပ်သက်ကာလတစ်လျှောက်လုံးပဲမို့ မရေမတွက်နိုင်ခဲ့ပါလို့သာ ဖြေရမှာပါ။ မန္တလေးမြောက်ဘက် တောမြို့တစ်မြို့မှာ တက္ကသိုလ်ဝင်တန်းအောင်ခဲ့တဲ့မိတ်ဆွေတစ်ယောက်က သူ့ရဲ့ဆယ်တန်းအောင်လက်မှတ်ပါ အမှတ်စာရင်းကို မိတ္တူကူးပြီး မိမိဆီပြသပါတယ်။ ၁၉၆၁ ခုနှစ်က မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပြန်ပေးခဲ့တဲ့ **"တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသောအမှတ်စာရင်း"**တဲ့။ ခုံအမှတ် MY-၁၀၇၈၊

၁။ မြန်မာစာ ၄၂/၁၀၀
၂။ အင်္ဂလိပ်စာ ၉၀ ဂုဏ်ထူး (D)/၁၀၀
၃။ သင်္ချာ(၁) ၆၀/၁၀၀
၄။ သင်္ချာ(၂) ၆၀/၁၀၀
၅။ သမိုင်း ၄၈/၁၀၀
၆။ ပါဠိ ၄၀/၁၀၀

စာရေးသူက မတ္တရာဘက်မှ မန္တလေးလာဖြေတဲ့ တောသားကျောင်းသားက အင်္ဂလိပ်စာ အမှတ် ၉၀ (ဂုဏ်ထူးရပြီး)တောင်အောင်တာ တကယ်အံ့ဩစွာ ဂုဏ်ပြုချီးကျူးမိပါတယ်။

**ဆရာကောင်း**

မြန်မာစာနဲ့ ပါဠိဘာသာ(နှစ်ဘာသာပေါင်း ၈၂ မှတ်)ပေါင်းရင်တောင် အင်္ဂလိပ်စာအဖြေလွှာရမှတ် ၉၀ ကို မမီသေးပါလား။ အင်္ဂလိပ်စာ တော်လှချေကလားလို့ ပြောတဲ့အခါ သူက"ကျေးဇူးကန်းရာရောက်မှာစိုးလို့ မပြောလိုပါ။ မြန်မာစာနဲ့ ပါဠိဆရာတွေ သင်ကြားပုံက အင်္ဂလိပ်စာဆရာ သင်ပုံသင်နည်းနဲ့ တော်တော်ကွာခြားနေကြတာကြောင့်ပါ"တဲ့။ ကြီးလာတော့ မြင်လာတာပေါ့။

စာရေးသူဆိုလိုရင်းတင်ပြချက်ကို ဒီလောက်နဲ့နိဂုံးချုပ်ပါရစေ။ အခြေအနေမှန်ကို စာဖတ်သူတိုင်းသိမြင်သဘောပေါက်ပြီးသားပါ။ ကျောင်းတိုင်း၊ အတန်းတိုင်း၊ စာမေးပွဲတိုင်းဟာ ကျောင်းသား(လူငယ်)ရဲ့ ဖန်တီးနိုင်စွမ်း ကြိုးစားမှုနည်းတူ သင်ပြသူဆရာရဲ့(လူကြီးဖြစ်သူ)စေတနာနဲ့ကျွမ်းကျင်မှု၊ အာရုံစိုက်မှု၊ အချိန်ပေးမှုအပေါ်မှာလည်း များစွာမူတည်ပါတယ်။ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါ။ ကလေးတွေကို ကျောင်းနေပျော်(စာသင်ချင်စိတ်ထက်သန်အောင်)၊ စာတော်အောင်၊ သင်ပြနည်းလည်းကျွမ်းကျင်၊ စေတနာလည်းကြီးမားတဲ့ **"ဆရာ၊ ဆရာမကောင်းတွေ"** တိုးပွားကြဖို့တော့ လိုအပ်နေပုံရတာပဲနော်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၃၃၈၅၁ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မတ် ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၃၃၈၅၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၉၃၈ ဧက၊ နှမ်း ၁၅၇၄၂ ဧက၊ နေကြာဧက ၁၅၀၅၀၊ ပန်းနှမ်း ၁၂၁ ဧက စုစုပေါင်း ၃၃၈၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆီထွက်သီးနှံစုံစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းအနေဖြင့် မြေပဲတစ်ဧကလျှင် ၅၄ ဒသမ ၀၅ တင်း၊ နှမ်းတစ်ဧကလျှင် ၈ ဒသမ ၂၅ တင်း၊ နေကြာ တစ်ဧကလျှင် ၂၅ ဒသမ ၅ တင်း၊ ပန်းနှမ်း တစ်ဧကလျှင် ၁၀ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ ဆီထွက်သီးနှံစုံကို ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ပါတယ်။ အခုရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပါပြီ။ ဆီထွက်သီးနှံတွေကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း သီးနှံစုံစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး သတ်မှတ်လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါအန္တရာယ်ကင်းဝေးစေရေးနှင့် GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများက လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နမ့်စန်မြို့နယ် ဟွေဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် မတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဟွေဆိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသားအသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟွေဆိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၄၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## လူငယ်ဆိုတာ

\- လူငယ်ဆိုတာ စိတ်အညွန့်နဲ့
ထိပ်ကွန့်မဲ့ မျိုးဆက်ပေ၊
ပန်းတိုင်ဆီ မနွမ်းမကြောက်ဘဲ
လှမ်းလျှောက်လို့နေ၊
ခေတ်သစ်ရဲ့ တက်လူတွေ
တိုင်းပြည်ရဲ့ ရတနာများ၊
ခက်ခဲပေါ် နင်းလျှောက်ပြီး
ထွင်းဖောက်မဲ့အား။

\- အနာဂတ်ရဲ့ ခေါင်းဆောင်များမို့
ခေါင်းထောင်ကြွားဖို့ လိုပေသည်၊
တတ်ပညာ ထင်ရှားအောင်
သင်ကြားဖို့ရည်၊
စာပေလည်း ဖတ်ရမည်
တည်ကြည်တဲ့ စိတ်ကိုပျိုး၊
ချစ်မေတ္တာ အရင်းခံနဲ့
ဝန်းရံကာ အများတွက်
အားဆက်လို့ကြိုး။

\- အမှန်တရားကို အမြတ်တနိုး
တန်ဖိုးထား တတ်သူတွေ၊
တရားကို မယွင်းမဆိတ်တဲ့
တွင်းစိတ်နဲ့နေ၊
ပြိုင်ဆိုင်စိတ် ပြင်းထန်ပေ
တွေဝေမှု ဘယ်မရှိ၊
ယုံကြည်ရာ လမ်းဆုံးအောင်
လှမ်းရှန်းနိုင်ဘိ။

\- လူငယ်ဆို အားအင်ပြည့်
အများကြဉ်သည့် ချစ်ဖွယ်တွေ၊
တို့တိုင်းနယ် ဖြိုးရအောင်
ကြိုးကြလို့ပေ၊
ငါတို့ရဲ့ အနာဂတ်ပြည်
လူငယ်တွေရဲ့ လက်အစုံထဲ၊
ငြိမ်းချမ်းစွာ တရားအကျင့်နဲ့
အို့ . .
ကြွားဝင့်မလွဲ။ ။

**လွမ်းလေးကို(သရက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ



## ရုရှားသမ္မတပူတင် နွေရာသီစစ်မှုထမ်းသစ် ဆင့်ခေါ်ရေးအမိန့်ဒီကရီကို လက်မှတ်ရေးထိုး

**မော်စကို မတ် ၃၁**

နွေဦးရာသီကာလ ပုံမှန်စစ်မှုထမ်းသစ်ဆင့်ခေါ်ရေးအမိန့်ဒီကရီတစ်ရပ်ကို ရုရှားသမ္မတပူတင်က လက်မှတ်ရေးထိုးထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နွေဦးရာသီ စစ်မှုထမ်းသစ်ပုံမှန်ဆင့်ခေါ်ရေးအမိန့်ဒီကရီအရ ရုရှားစစ်ဘက်သည် စစ်မှုထမ်းသစ်ဦးရေ ၁၅၀၀၀၀ ထိ ဆင့်ခေါ်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံ၌ အမျိုးသားအားလုံးသည် အသက် ၁၈ နှစ်ပြည့်ပြီးချိန်တွင် စစ်မှုထမ်းတာဝန်တစ်နှစ်ထမ်းဆောင်ရန် သို့မဟုတ် တစ်နှစ်ကြာ စစ်မှုထမ်းခြင်းနှင့် ညီမျှသည့် လေ့ကျင့်မှုများရယူရန် လိုအပ်သည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း ရုရှားအောက်လွှတ်တော်သည် စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ရေးအတွက် အမြင့်ဆုံး အသက်သတ်မှတ်ချက်ကို ၂၇ နှစ်မှ ၃၀ နှစ်ထိမြှင့်တင်ရန် မဲခွဲအတည်ပြုခဲ့ရာ ယင်းဥပဒေသစ်သည် ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကလည်း ဆောင်းဦးရာသီစစ်မှုထမ်းသစ်ပုံမှန်ဆင့်ခေါ်ရေး အမိန့်ဒီကရီကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံ၏ စစ်မှုထမ်းဥပဒေများအရ စစ်မှုထမ်းသစ်အဖြစ် ဆင့်ခေါ်ခံရသူများကို ရုရှားနိုင်ငံပြင်ပ၌ဖြစ်ပွားသည့် စစ်ပွဲများအတွက် တရားဝင်ဖြန့်ကြက်ခွင့်မရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အစ္စရေးနှင့် ဟားမတ်စ်ဆွေးနွေးပွဲ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ပြန်လည်စတင်နိုင်

**ဂျေရုဆလင် မတ် ၃၁**

အစ္စရေးနိုင်ငံနှင့် ဟားမတ်စ်အုပ်စုတို့အကြား အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်ရယူရေးဆွေးနွေးပွဲများကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ယနေ့တွင်ပြန်လည်စတင်နိုင်ကြောင်း အီဂျစ်ပြည်တွင်း သတင်းဌာနတစ်ခုက သတင်းထုတ်ပြန်ထားသည်။

အပစ်အခတ်ရပ်စဲမှု ရယူရေးဆွေးနွေးပွဲအတွက် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ယနေ့တွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားထားသည်။

သို့သော် အစ္စရေးတာဝန်ရှိသူများနှင့် ကျင်းပခဲ့သည့် ပထမအကျော့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့်ရလဒ်များကို မိမိတို့အနေဖြင့် စောင့်ဆိုင်းဦးမည်ဖြစ်ကြောင်း ဟားမတ်စ်အုပ်စုက ပြောကြားထားသည်။

လက်ရှိဖြစ်ပွားဆဲစစ်ပွဲကို ရက်သတ္တ ခြောက်ပတ် ရပ်ထားနိုင်ရေးအတွက် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အီဂျစ်နှင့်ကာတာနိုင်ငံတို့၏ကြားဝင်မှုဖြင့် အပစ်ရပ်စဲရေးဆွေးနွေးပွဲများကျင်းပလျက်ရှိသည်။

လက်ရှိကျင်းပနေသည့် ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်အရ အစ္စရေးနိုင်ငံက ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ရက်သတ္တ ခြောက်ပတ် ရပ်ဆိုင်းပေးထားပြီး အပြန်အလှန်အနေဖြင့် ဟားမတ်စ်အုပ်စုအနေဖြင့် ၎င်းတို့ဖမ်းဆီးထားသော ဓားစာခံဦးရေ ၁၃၀ အနက် ဦးရေ ၄၀ ကိုပြန်လွှတ်ပေးရမည်ဖြစ်သည်။

သို့ရာတွင် ဟားမတ်စ်အုပ်စုကမူ ငါးလကျော်ကြာ ဂါဇာစစ်ပွဲကို အဆုံးသတ်ပေးမည့် အပစ်ရပ်စဲရေးသဘောတူညီချက်မျိုးကိုသာ ရယူရန် ကြိုးပမ်းနေသော်လည်း အစ္စရေးနိုင်ငံက လက်ခံမှုမရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုအောက်မေ့ဖွယ်အခမ်းအနားသို့ သံတမန်အများအပြားတက်ရောက်

**မော်စကို မတ် ၃၁**

မတ် ၂၂ ရက်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော ရုရှားပြည်သူများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို မော်စကိုမြို့၌ မတ်၃၀ ရက်က ကျင်းပခဲ့ရာ ပြည်ပနိုင်ငံအများအပြားမှ ရုရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

မတ် ၂၂ ရက်တွင် မော်စကိုမြို့ပြင်ရှိ ကရိုးကပ်စ်စီးတီးဂီတပွဲခန်းမဆောင်၌ သေနတ်သမားလေးဦးတို့က အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အနည်းဆုံး လူပေါင်း ၁၄၄ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုသည် ရုရှားနိုင်ငံအတွက် နှစ် ၂၀ အတွင်း အသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ခဲ့ရသည်။

ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသူများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို ကရိုးကပ်စ်စီးတီးခန်းမအနီးကျင်းပခဲ့ရာ ရုရှားနိုင်ငံအတွင်းရှိ သံရုံး ၁၃၀ကျော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားမီဒီယာများ၏ အဆိုအရ ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုဝမ်းနည်းဖွယ် အခမ်းအနားသို့ အမေရိကန်၊ ဥရောပသမဂ္ဂ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှ သံတမန်များလည်း ပါဝင်ကြောင်း သိရသည်။

ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုအတွက် တာဝန်ရှိသည်ဟု အစ္စလာမ်မစ်အကြမ်းဖက်အုပ်စုက ကြေညာထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## တန်ဖိုးကြီးရိုးလက်စ်နာရီများ ပိုင်ဆိုင်ထားမှုသတင်းများကြောင့် ပီရူးသမ္မတနေအိမ်ကို ရဲတပ်ဖွဲ့စီးနင်းရှာဖွေ

**လီမာ မတ် ၃၁**

တန်ဖိုးကြီးနာရီများပိုင်ဆိုင်ထားမှုကို တရားဝင်ကြေညာရန်ပျက်ကွက်ကြောင်းယူဆရမှုဖြင့် ပီရူးရဲတပ်ဖွဲ့ဝင်များသည် ပီရူးသမ္မတ ဒီနာဘိုလော့တီ၏နေအိမ်နှင့် သမ္မတနန်းတော်တို့ကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တွင် စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပီရူးအစိုးရရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့်ပီရူးရဲတပ်ဖွဲ့ဝင်များသည် သမ္မတ ဒီနာဘိုလော့တီ၏နေအိမ်ကို မတ် ၂၉ ရက်တွင် စီးနင်းရှာဖွေခဲ့ပြီး သမ္မတနန်းတော်ကိုမူ မတ် ၃၀ရက်တွင် စီးနင်းရှာဖွေခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် သမ္မတရာထူးရယူခဲ့သည့် အမျိုးသမီးသမ္မတ ဒီနာဘိုလော့တီအနေဖြင့် အခမ်းအနားများ၌ တန်ဖိုးကြီးရိုးလက်စ်နာရီမျိုးစုံကို ဝတ်ဆင်ခဲ့ကြောင်း သတင်းများ ပေါ်ထွက်လာခဲ့ပြီးနောက် ပီရူးရဲတပ်ဖွဲ့က စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပီရူးရဲတပ်ဖွဲ့၏ စီးနင်းရှာဖွေမှုများကို သမ္မတ ဒီနာဘိုလော့တီနှင့် ပီရူးအစိုးရအဖွဲ့တို့က မသင့်လျော်သည့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသည့်လုပ်ရပ်အဖြစ် ဝေဖန်ထားသည်။

ထို့ပြင် ရိုးလက်စ်နာရီများ ပြဿနာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကြောင့် မိမိအနေဖြင့် ရာထူးမှ နုတ်ထွက်ပေးလိမ့်မည်မဟုတ်ကြောင်း သမ္မတ ဒီနာဘိုလော့တီက မတ် ၃၀ ရက်က ပြောကြားခဲ့သည်။

မိမိအနေဖြင့် ရိုးလက်စ်နာရီများ ပိုင်ဆိုင်ထားသော်လည်း ယင်းနာရီများမှာ လူငယ်ဘဝတွင် အလုပ်လုပ်ပြီး ဝယ်ယူထားသည့်နာရီများဖြစ်သည်ဟု သမ္မတ ဒီနာဘိုလော့တီက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## အင်ဒိုနီးရှားနိုင်ငံ၌ ခဲယမ်းမီးကျောက်သိုလှောင်ရုံတစ်ခု မီးလောင်ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ မတ် ၃၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီးရှိ ခဲယမ်းမီးကျောက်သိုလှောင်ရုံတစ်ခု၌ မတ် ၃၀ ရက်တွင် မီးလောင်ပေါက်ကွဲခဲ့ရာ မီးသတ်သမားများက အချိန်မီထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့်ခဲယမ်းမီးကျောက် သိုလှောင်ရုံသည် ဂျကာတာမြို့ပြင် ဘိုဂေါမြို့၌ တည်ရှိသည်။

ခဲယမ်းမီးကျောက် သိုလှောင်ရုံ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရပြီးနောက် အင်ဒိုနီးရှားရဲတပ်ဖွဲ့ဝင်များသည် အနီးဝန်းကျင်ရှိလူနေရပ်ကွက်များအတွက် ကျရောက်လာနိုင်သည့် ခဲယမ်းမီးကျောက် အစိတ်အပိုင်းများကို ရှာဖွေလျက်ရှိသည်။



ထို့ပြင် ခဲယမ်းမီးကျောက်သိုလှောင်ရုံ မီးလောင်ပေါက်ကွဲမှုများအတွင်း လွင့်စဉ်ကျရောက်ခဲ့သော အရာများကို ထိတွေ့ခြင်းမပြုရန်လည်း အင်ဒိုနီးရှားစစ်ဘက်က သတိပေးထားသည်။

ခဲယမ်းမီးကျောက် သိုလှောင်ရုံ မီးလောင်ကျွမ်းမှုသည် သက်တမ်းကုန်ခဲယမ်းမီးကျောက်များ ထားရှိရာ အဆောက်အအုံ၌ စတင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း အင်ဒိုနီးရှားစစ်ဘက်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား မီးသတ်သမားများသည် ခဲယမ်းမီးကျောက်သိုလှောင်ရုံ မီးလောင်မှုကို ထိန်းချုပ်ရန် စက်ရုံနည်းပညာသုံးယာဉ်များကို အသုံးပြုခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ယူတဲလ်ဆက် ၃၆ ဒီအမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို မတ် ၃၀ ရက်က လွှတ်တင်ခဲ့



**ဝါရှင်တန် မတ် ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ယူတဲလ်ဆက် ၃၆ ဒီ အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို မတ် ၃၀ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယူတဲလ်ဆက် ၃၆ ဒီဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၃၀ ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ယူတဲလ်ဆက် ၃၆ ဒီဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ယူတဲလ်ဆက် ၃၆ ဘီ ဂြိုဟ်၏နေရာ၌ အစားထိုးဝင်ရောက်မည်ကြောင်း၊ ယူတဲလ်ဆက် ဆက်သွယ်ရေးဂြိုဟ်တုများကို ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ယူတဲလ်ဆက် ၃၆ ဒီဂြိုဟ်တု လွှတ်တင်ရေးအတွက် Space-X အာကာသနည်းပညာကုမ္ပဏီက အသုံးပြုခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံသည် ယခင်က မစ်ရှင် ၁၁ ခုထိ ပျံသန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်နယ်မြေသစ်တစ်ခုကို လေ့လာနေပြီဖြစ်

**ဝါရှင်တန် မတ် ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်နယ်မြေသစ်တစ်ခုကို လေ့လာနေပြီဖြစ်ကြောင်း မတ် ၃၀ ရက် သတင်းများအရ သိရသည်။

ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် စူးစမ်းလေ့လာမှုများပြုလုပ်နေသော နယ်မြေသစ်မှာ ဂီဒစ်ဗ်ဗယ်လ်လစ် အမည်ရှိ ရေလမ်းကြောင်းဟောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဂီဒစ်ဗ်ဗယ်လ်လစ်နယ်မြေသည် လွန်ခဲ့သော နှစ်သန်းရာပေါင်းများစွာက မြစ်တစ်စင်း စီးဆင်းခဲ့မှုကြောင့် ပေါ်ထွက်လာသော ရေလမ်းကြောင်းဟောင်းဖြစ်ကြောင်း သိရသည်။

ကျူရီယိုစီတီမှရရှိသော အချက်အလက်များအရ သိပ္ပံပညာရှင်များအနေဖြင့် ဂီဒစ်ဗ်ဗယ်လ်လစ် ရေလမ်းကြောင်းဖွဲ့စည်းပုံကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။



ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်အနေဖြင့် ဂီဒစ်ဗ်ဗယ်လ်လစ်ရေလမ်းကြောင်းဟောင်းကို လေ့လာနိုင်ရန် လအတန်ကြာမျှ အချိန်ယူရနိုင်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## မောင်းသူမဲ့လေယာဉ်များအတွက် အသုံးပြုမည့် ကမ္ဘာ့ပထမဆုံးဒရုန်းအဝေးပြေးလမ်းကို ဗြိတိန်နိုင်ငံက ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအစောပိုင်း ဖွင့်လှစ်ပေးရန် စီစဉ်ထား

**လန်ဒန် မတ် ၃၁**

မောင်းသူမဲ့လေယာဉ်များအတွက် အသုံးပြုမည့် ကမ္ဘာ့ပထမဆုံး ဒရုန်းအဝေးပြေးလမ်းကို ဗြိတိန်နိုင်ငံက ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအစောပိုင်းကြား ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း မတ် ၃၀ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာ့ပထမဆုံးဒရုန်းအဝေးပြေးလမ်းကို နိုင်ငံတစ်ဝန်းကုန်ပစ္စည်းများ ဖြန့်ဝေပေးမည့် မောင်းသူမဲ့လေယာဉ်များ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အာလ်တီကျူအိန်ဂျယ်အမည်ရှိ ဒရုန်းဆော့ဖ်ဝဲလ်ကုမ္ပဏီတစ်ခုက ဖန်တီးထားသည့် ၎င်းဒရုန်းအဝေးပြေးလမ်းသည် ၁၆၅ မိုင်ရှည်လျားမည်ဖြစ်ပြီး အင်္ဂလန်အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့ကို ချိတ်ဆက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းအဝေးပြေးလမ်းတွင် ပျံသန်းနေသော မောင်းသူမဲ့လေယာဉ်များကို မြေပြင်မှတစ်ဆင့် ထိန်းချုပ်နိုင်မည့် ထိန်းချုပ်ရေးမျှော်စင် ၃၀ ပါဝင်မည်ဖြစ်ကြောင်း အာလ်တီကျူအိန်ဂျယ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

အဲရီးဟူ၍ အမည်ပေးထားသည့် ထိန်းချုပ်ရေးမျှော်စင်များသည် အဝေးပြေးလမ်းတစ်လျှောက် ဒရုန်းများပျံသန်းမှုကို လမ်းညွှန်ကွပ်ကဲပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အာလ်တီကျူအိန်ဂျယ်ကုမ္ပဏီသည် ဒရုန်းအဝေးပြေးလမ်း အဲရီးမျှော်စင် ၃၀ အနက် ၁၅ ခုကို တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အဝလွန်သည့်ကလေးများ အရွယ်ရောက်လာချိန် အာရုံနှာ့ဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါမြင့်တက်နိုင်

**တော့ဟုမ်း မတ် ၃၁**

အဝလွန်သည့်ကလေးများအနေဖြင့် အရွယ်ရောက်လာချိန်တွင် အာရုံနာ့ဗ်ဆဲလ်စနစ် ထိခိုက်ပျက်စီးမှုရောဂါ (MS) ဖြစ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆ မြင့်တက်လာနိုင်ကြောင်း မတ် ၃၀ ရက် သတင်းများအရ သိရသည်။

လေ့လာတွေ့ရှိချက်အရ MS ရောဂါဖြစ်ပွားမှုမြင့်တက်လာခြင်းသည် အဝလွန်မှုပြဿနာနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ၁၉၉၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားကာလများအတွင်း ကလေးများ၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဝလွန်မှုပြဿနာရှိနေသည့် ကလေးများသည် အရွယ်ရောက်လာချိန်တွင် အဝလွန်မှုပြဿနာမရှိသည့် ကလေးများထက် MS ရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားနိုင်သည်ကို တွေ့ရသည်။

အဝလွန်သည့်ကလေးများ၌ MS ရောဂါဖြစ်ပွားမှုကို ပျမ်းမျှအသက် ၂၃ နှစ်ခန့်တွင် စစ်ဆေးတွေ့ရှိရတတ်ကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ပြောကြားသည်။

အဝလွန်မှုပြဿနာသည် MS ရောဂါအပြင် အခြားအာရုံနာ့ဗ်ဆဲစနစ်ရောဂါများနှင့်လည်း ဆက်စပ်နေတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အရက်၊ ဆေးလိပ်သောက်ခြင်းနှင့် ဆီးချိုရောဂါကြောင့် Dementia ရောဂါဖြစ်ပွားရ

**လန်ဒန် မတ် ၃၁**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်ပွားရမှု၏ အဓိကနောက်ခံအကြောင်းတရားသုံးခုမှာ အရက်သေစာသောက်သုံးခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ဆီးချိုရောဂါတို့ဖြစ်ကြကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၃၀ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Dementia ရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရား ၁၆၁ မျိုးတို့ကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆေးလိပ်သောက်သုံးခြင်း၊ အရက်သောက်ခြင်းနှင့် ဆီးချိုရောဂါတို့သည် Dementia ရောဂါဖြစ်ပွားရခြင်း၏ အဓိကအကျဆုံး အကြောင်းတရားသုံးမျိုးဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါ အဓိကအကြောင်းတရားသုံးခုကို ပြုပြင်ပြောင်းလဲခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါရောဂါနောက်ခံအကြောင်းတရားသုံးမျိုးနှင့် Dementia ရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

Dementia ရောဂါ နောက်ခံအကြောင်းတရားမှန်သမျှကို ဖော်ထုတ်၍ ၎င်းအကြောင်းတရားများကို တုံ့ပြန်နိုင်မည့်နည်းလမ်းသစ်များရှာဖွေရန် သုတေသနလုပ်ငန်းများ ပိုမိုပြုလုပ်ရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဝက်စ်ဟမ်းနှင့်ပွဲစဉ်တွင် နယူးကာဆယ်မှ ကစားသမားသုံးဦးထိ ဒဏ်ရာရရှိ

**လန်ဒန် မတ် ၃၁**

နယူးကာဆယ် အသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့သည့် အမှတ်ပေး ပြိုင်ပွဲတွင် နယူးကာဆယ်အသင်းမှ ခံစစ်ကစားသမား လက်ဆဲလ်လက်၊ လီဗရာမန်တို့နှင့် အယ်မီရွန်တို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် ပွဲချိန် ခြောက်မိနစ်၌ ပင်နယ်တီမှ တစ်ဆင့်ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် ပွဲချိန် ၁၇ မိနစ်တွင် ခံစစ်ကစားသမား လက်ဆဲလ်လက်သည် ဒူးဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော် ကစားသမား ခရက်ဖ်နှင့် လူစားလဲ ထွက်ခွာခဲ့ရသောကြောင့် ခံစစ်ပိုင်း အားနည်းချက်ဖြစ်ပေါ်ခဲ့ရာ ပွဲချိန် ၂၁ မိနစ်တွင် ဝက်စ်ဟမ်းအသင်း ကိုချေပဂိုးနှင့် ပွဲချိန် ၄၅ မိနစ်တွင် ဦးဆောင်ဂိုးများခွင့်ပြုခဲ့ရသည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန် တွင် ဝက်စ်ဟမ်းအသင်းက ပွဲချိန် ၄၈ မိနစ်တွင် တတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နယူးကာဆယ် အသင်းက ချေပဂိုးရရှိရန်ရုန်းကန်ခဲ့ရ ပြီး ပွဲချိန် ၅၆ မိနစ်တွင် လီဗရာမန် တိုအနေဖြင့် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် အသင်းဖော် ကစားသမား အယ်မီရွန်နှင့် လူစား လဲခဲ့ရသော်လည်း အယ်မီရွန်အနေ ဖြင့် ပွဲချိန် ၆၇ မိနစ်တွင် ဒူးဒဏ်ရာ ကြုံတွေ့ခဲ့ရာ ဟာဗေးဘန်းနှင့် လူစားလဲမှုထပ်မံပြုလုပ်ခဲ့ရသည်။

ထို့နောက် နည်းပြဟိုဝီက နည်းစနစ်ပိုင်းအပြောင်းအလဲပြုလုပ် ရန် လူစားဝင်ကစားသမား ခရက်ဖ်ကို လူစားလဲမှုထပ်မံပြုလုပ်ခဲ့ပြီးနောက် ပွဲချိန် ၇၇ မိနစ်တွင် အစ်ဆက်ခ်က ပင်နယ်တီမှချေပဂိုး သွင်းယူခဲ့ကာ ပွဲချိန် ၈၃ မိနစ်နှင့်ပွဲချိန် မိနစ် ၉၀ တို့တွင် ဟာဗေးဘန်းက ချေပဂိုးနှင့် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူ ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ သည့် ခံစစ်ကစားသမား လက်ဆဲလ် လက်၊ ခံစစ်ကစားသမား လီဗရာမန် တို၊ ကွင်းလယ်ကစားသမား အယ်မီ ရွန်တို့သည် ဧပြီ ၃ ရက်တွင်ကစား ရမည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ဘာစီလိုနာအသင်းမှ ကစားသမားသုံးဦး ကာဒီဇက်အသင်းနှင့်ပွဲစဉ်ကိုလွဲချော်မည်



**မက်ဒရစ် မတ် ၃၁**

ဘာစီလိုနာအသင်းနှင့်လက်ပါး မက်အသင်းတို့ ကစားခဲ့သည့် လာလီဂါပွဲစဉ်(၃၀)တွင် ဘာစီလိုနာ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရခဲ့သော်လည်း အသင်းမှ တိုက်စစ်မှူး လီဝမ်ဒေါစကီး၊ ခံစစ် ကစားသမား ကန်ဆယ်လိုနှင့်အင်နီ ဂိုမာတီနက်ဇ်တို့သည် အဝါကတ် ပြသခံရသောကြောင့် ကာဒီဇက် အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစားသမားများသည် ယခုနှစ်အတွင်း ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် အဝါကတ် ငါးကြိမ်ထိ ပြသခံရသည့်အတွက် တစ်ပွဲပယ် ပြစ်ဒဏ်ကျခံရမည်ဖြစ် ပြီး ဧပြီ ၁၄ ရက်တွင် ကစားရမည့် ကာဒီဇက်အသင်းနှင့် အမှတ်ပေး ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် လက်ပါး မက်အသင်းတို့ပွဲစဉ်တွင် ဘာစီလို နာအသင်းက အိမ်ကွင်းအားသာ ချက်ဖြင့် ပွဲစကတည်းက ဖိအားပေး နိုင်ခဲ့သဖြင့် ပွဲချိန် ၂၄ မိနစ်တွင် လက်ပါးမက်ဂိုးသမား ဇဲလ်လက် အနီကတ်ဖြင့် ထုတ်ပယ်ခံရမှုကြောင့် ပွဲချိန် ၅၉ မိနစ်တွင် ရာဖင်ဟာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော် လည်း ပြိုင်ဘက်၏ တန်ပြန်တိုက်စစ် ကစားပုံကြောင့် ပွဲချိန် ၆၄ မိနစ်တွင် အင်နီဂိုမာတီနက်ဇ်၊ပွဲချိန် ၈၁ မိနစ် တွင် လီဝမ်ဒေါစကီးနှင့် ပွဲချိန် ၈၈ မိနစ်တွင် ကန်ဆယ်လိုတို့ အဝါ ကတ်ပြသခံရသည်။

ထို့ကြောင့် အင်နီဂိုမာတီနက်ဇ် သည် ယခုနှစ်ဘောလုံးရာသီ ၁၅ ပွဲပါဝင်ကစားခဲ့ရာတွင် အဝါကတ် ငါးကြိမ်၊ကန်ဆယ်လိုက ၂၅ ပွဲတွင် အဝါကတ် ငါးကြိမ်နှင့် တိုက်စစ်မှူး လီဝမ်ဒေါစကီးက ၂၈ ပွဲ ပါဝင် ကစားခဲ့ရာတွင် အဝါကတ် ငါးကြိမ်ပြည့်မြောက်ခဲ့သောကြောင့် လာမည့်အမှတ်ပေးပွဲစဉ်ကို လွဲချော် မည်ဖြစ်ကာ ဧပြီ ၂၂ ရက်မှ ကစား ရမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဘရန့်ဖို့ဒ်အသင်းကို သရေရလဒ်သာကစားနိုင်သည့် မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါး

**မန်ချက်စတာ မတ် ၃၁**

မန်ယူအသင်းသည် ဘရန့်ဖို့ဒ် အသင်းနှင့်ကစားခဲ့သည့် အမှတ်ပေး ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေ ရလဒ်သာ ကစားနိုင်ခဲ့သဖြင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင် ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါး လာကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာရကစားသမားများပြားနေ သည့် မန်ယူအသင်းသည် ဘရန့်ဖို့ဒ် အသင်းနှင့်ပွဲစဉ်တွင်လည်း နိုင်ပွဲ ရရှိရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၄၆ မိနစ် တွင် ဗာရာနီကို ခြေချင်းဝတ် ဒဏ်ရာကြောင့် လူစားလဲခဲ့ရသည့် အပြင် ပွဲချိန် ၆၉ မိနစ်တွင်လည်း လင်ဒီလော့ဖ်ကို ဒဏ်ရာပြဿနာ ကြောင့် မာတီနက်ဇ်နှင့် လူစားလဲခဲ့ ရသော်လည်း တိုက်စစ်မြှင့်တင် ကစားမှုကြောင့် နာကျင်အချိန်ပို တွင် မေဆင်မောင့်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ရမှတ်ပြည့်ရယူ နိုင်ရန် နီးစပ်ခဲ့သော်လည်းအချိန်ပို နောက်ဆုံးမိနစ်တွင် ဘရန့်ဖို့ဒ် အသင်းက ချေပဂိုးသွင်းယူခဲ့သော ကြောင့် မန်ယူအသင်းအနေဖြင့် ရမှတ်နှစ်မှတ်အပြင် ကစားသမား နှစ်ဦးကိုပါ ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် မန်ယူအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၉ ပွဲကစားအပြီး တွင် အဆင့်(၆)တွင်သာ ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၅)မှ စပါး အသင်းနှင့်ရမှတ်ရှစ်မှတ်ထိ ကွာဟ ခဲ့သည့်အပြင်အဆင့်(၄)မှအေဗီလာ အသင်းနှင့်လည်း ရမှတ် ၁၁ မှတ်ထိ ပြတ်တောက်နေသဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရန်ရုန်းကန်ရမည်ဖြစ်သည်။

မန်ယူအသင်းသည် လက်ကျန် ပွဲစဉ်များတွင် ချဲလ်ဆီး၊ လီဗာပူး၊ ဘုန်းမောက်ရှ်ဖီးလ်(U)၊ဘန်လေ၊ နယူးကာဆယ်၊ ပဲလေ့စ်၊ အာဆင် နယ်၊ ဘရိုက်တန်အသင်းတို့နှင့် ပွဲကျပ်ကစားရမည်ဖြစ်သောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ ရန် မျှော်လင့်ချက်နည်းပါးနေ ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# WBA စူပါခရူဆာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဇာဒိုရာမီရက်ဇ်ဆွတ်ခူး

**ကယ်လီဖိုးနီးယား မတ် ၃၁**

WBA စူပါခရူဆာ ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား ဇာဒိုရာ မီရက်ဇ်နှင့် ပြင်သစ်လက်ဝှေ့သမား ဂိုလာမီရီယန်တို့ မတ် ၃၀ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် အင်ဂယ်ဝုဒ်မြို့၌ထိုးသတ် ခဲ့ရာ ဇာဒိုရာမီရက်ဇ်က ဗိုင်အမှတ် ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ် ကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇာဒိုရာမီရက်ဇ်သည် စူပါခရူ ဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ဆွတ်ခူးခဲ့သည့်အတွက် သမိုင်း တစ်လျှောက် စူပါခရူဆာဝိတ်တန်း တွင် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရခဲ့သည့် ပထမဆုံးသော မက္ကဆီကိုလက်ဝှေ့ သမားအဖြစ်လည်း မှတ်တမ်းဝင် ခဲ့သည်။

ဇာဒိုရာမီရက်ဇ်သည် WBO စူပါမစ်ဒယ်ဝိတ်တန်း၏ ကမ္ဘာ့ ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး လိုက် ဟဲဗီးဝိတ်တန်းသို့ ပြောင်းရွှေ့ခဲ့ရာ တွင်လည်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကာ လိုက်ဟဲဗီးဝိတ်တန်း မှ စူပါခရူဆာဝိတ်တန်းသို့ ကူးပြောင်းလာခဲ့ပြီး ချန်ပီယံခါးပတ် ကို ဆွတ်ခူးခဲ့သည့်အတွက် မတူညီ သောဝိတ်တန်းသုံးခုတွင် ကမ္ဘာ့ ချန်ပီယံခါးပတ်များကို ဆွတ်ခူးနိုင် ခဲ့သည့် လက်ဝှေ့သမားအဖြစ်လည်း မှတ်တမ်းကောင်းရရှိခဲ့သည်။

ထိုးသတ်ခဲ့သော ဝိတ်တန်းတိုင်း တွင် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရခဲ့သည့် ဇာဒိုရာမီရက်ဇ်အနေဖြင့် ဟဲဗီး ဝိတ်တန်းထိကူးပြောင်းရန် အစီအစဉ် ရှိနေကြောင်းလည်း ပြောကြား ခဲ့သည်။

ဇာဒိုရာမီရက်ဇ်က"ကျွန်တော့် ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ် လာခဲ့ပြီ။ ကျွန်တော့်ကို အားပေးခဲ့ ကြတဲ့ ပရိသတ်တွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့် အပေါ်မှာ ယုံကြည်မှုအပြည့်ထား ပေးခဲ့တဲ့ ကျွန်တော့်ရဲ့ နည်းပြအဖွဲ့ တွေ မိသားစုဝင်တွေကိုလဲ ကျေးဇူး တင်ပါတယ်။ လက်ဝှေ့အားကစား လောကမှာ ကျင်လည်လာတဲ့ သက်တမ်းတစ်လျှောက် ယှဉ်ပြိုင် ထိုးသတ်ခဲ့တဲ့ ဝိတ်တန်းတိုင်းမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့မှတ်တမ်း ဟာ ကျွန်တော့်ဘဝအတွက် အမှတ်တရကောင်းတွေဖြစ်ပါတယ်။ ဝိတ်တန်းအသစ်မှာ ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရခဲ့တာဟာ ကြိုးစားမှုရဲ့ ရလဒ်ဖြစ်ပါတယ်"ဟု ပြောကြား ခဲ့ကြောင်း သိရသည်။



**Ref : Xinhua**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ဂီတာဖေးအသင်းနှင့် ဆီဗီလာအသင်းတို့ပွဲစဉ်တွင် ဂီတာဖေး ပရိသတ်တစ်ဦးက ဆီဗီလာကစားသမား အက်ကျူနာကို ပွဲကြည့်စင်မှမျောက်ဟုခေါ်ဝေါ်၍ လူမျိုးရေးခွဲခြားခဲ့မှုကြောင့် အရေးယူမှုပြုလုပ်ပေးရန် ဆီဗီလာအသင်းက လာလီဂါ ဘောလုံးအဖွဲ့ချုပ်ကို တောင်းဆိုထားသည်။
- အေဗီလာအသင်းက ဝုဗ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ ခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး အိုလီဝက်ကင်း တံကောက်ကြော ဒဏ်ရာရရှိခဲ့သောကြောင့် ၎င်း၏ဒဏ်ရာအတွက် စိုးရိမ်နေရ သည်ဟု နည်းပြအမ်မရီက ပြောကြားခဲ့သည်။ **ML**

### ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ဘရိုက်တန် |
| မန်စီးတီး | ၀ | - | ၀ | အာဆင်နယ် |

### စပိန်လာလီဂါ ပွဲစဉ် (၃၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဂျီရိုနာ | ၃ | - | ၂ | ဘက်တစ် |

(၀၄၀)

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက အာဖဂန်နစ္စတန်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၃၁**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အာဖဂန်စ္စတန် အသင်းတို့ကစားခဲ့ရာ မြန်မာ့ လက်ရွေးစင် ဖူဆယ်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအတွက် သွင်းဂိုး များကို အောင်ဇင်ဦးနှင့် မျိုးမင်းစိုး က တစ်ဂိုးစီနှင့် မျိုးသက်အောင်က နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းနှင့် အာဖဂန်နစ္စတန်အသင်း တို့သည် အမျိုးသားအားကစား ပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)တွင်နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး ပထမ ပွဲစဉ်အဖြစ် မတ် ၃၀ ရက်ကကစား ခဲ့ရာ အာဖဂန်နစ္စတန်အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်၌ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက လေးဂိုး နှစ်ဂိုး ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းသည် အာဖဂန်နစ္စတန် အသင်းနှင့် ခြေစမ်းပွဲစဉ်များပြီး နောက် နိုင်ငံတကာခြေစမ်းပွဲစဉ် များကစားရန်နှင့် AFC Futsal Cup 2024ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကစားမည့် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး မြန်မာ့လက်ရွေး စင်ဖူဆယ်အသင်းသည် AFC Futsal Cup 2024 ပြိုင်ပွဲတွင် ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စု တည်း ကျရောက်နေကြောင်း သိရသည်။ **STA**

# ချဲလ်ဆီးအသင်းက ရီစီဂျိမ်းကို နွေရာသီအပြောင်းအရွှေ့၌ရောင်းချရန် ဆုံးဖြတ်

**လန်ဒန် မတ် ၃၁**

ချဲလ်ဆီးအသင်းက ဒဏ်ရာ ပြဿနာများနှင့်ရုန်းကန်နေရသည့် ရီစီဂျိမ်းကို နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ၌ ရောင်းချ ရန်ဆုံးဖြတ်ခဲ့ပြီး အရောင်းစာရင်း တင်သွင်းခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ရီစီဂျိမ်းသည် ချဲလ်ဆီးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှစတင်ပြီး အသင်းအတွက် ပါဝင်ကစားပေးခဲ့ ကာ အစောပိုင်းနှစ်များက အသင်း နှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် ယခုနှစ် ဘောလုံးရာသီ၌ အသင်း ခေါင်းဆောင်ရာထူးကိုပင်ရယူထား သူဖြစ်သည်။

ရီစီဂျိမ်းသည် အရည်အသွေး မြင့် ထိပ်တန်းခံစစ်ကစားသမား တစ်ဦးဖြစ်သော်လည်း နောက်ပိုင်း တွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရပြီး ပြီးခဲ့သည့်ဘောလုံး ရာသီကလည်း ဒဏ်ရာပြဿနာ လေးကြိမ်ကြုံခဲ့ရသကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်းတံကောက် ကြောဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသူဖြစ်သည်။

ရီစီဂျိမ်းသည် နောက်ဆုံး ဘောလုံးရာသီနှစ်ခုတွင်တစ်နှစ်ခန့် ထိ ကာလရှည်အနားယူနေခဲ့ရသည့် အတွက် ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီက စိတ်ပျက်လျက်ရှိနေ သောကြောင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ တွင် ၎င်းကိုရောင်းချရန် ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းအနေဖြင့် လာမည့် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် အသင်းမှ ကစား သမားအများစုကို ပြန်လည်ရောင်းချ ရန်ပြင်ဆင်နေပြီး ရောင်းချမည့် ကစားသမားများတွင်လည်း အသင်း အကယ်ဒမီထွက် ကစားသမား အများစု ပါဝင်နေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲအုပ်စု ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း ၏ နိုင်ငံတကာပွဲစဉ်များကြောင့် ခေတ္တရပ်နားထားရပြီး ယခုအခါမှ သာပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ရွှေပြည် သာယူနိုက်တက်အသင်းနှင့် မဟာ ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄နာရီက YUSCအားကစားကွင်း တွင်ကစားခဲ့သည့် ရန်ကုန်ယူနိုက် တက်အသင်းနှင့် GFAအသင်းတို့ ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်း ကောင်း၊ သုဝဏ္ဏအားကစားကွင်း တွင်ကစားခဲ့သည့် ရှမ်းယူနိုက်တက် အသင်းနှင့် ကချင်ယူနိုက်တက် အသင်းတို့ပွဲစဉ်တွင် ရှမ်းယူနိုက် တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ University အားကစားကွင်းတွင်ကစားခဲ့သည့် ရိန်းဘိုးအသင်းနှင့် ရခိုင်ယူနိုက် တက်အသင်းတို့ပွဲစဉ်တွင် ရခိုင် ယူနိုက်တက်အသင်းက ၁၁ ဂိုး နှစ်ဂိုး ဖြင့်လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ကြသည်။

MNL League Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဧပြီ ၁ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ပြီး ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရောဝတီယူနိုက်တက် အသင်း၊ ဆေးတက္ကသိုလ်...

ဆေးတားစတားအသင်းနှင့် ဒဂုံစတားအသင်း၊ISPEအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ရက္ခပူရ ယူနိုက်တက်အသင်းနှင့် မြဝတီ အက်ဖ်စီအသင်းတို့ ကစားသွား မည်ဖြစ်ကြောင်း သိရသည်။ **STA**

# ဂါလာတာစာရေးအသင်းက မန်ယူအသင်းမှ အဲရစ်ဆင်ကိုခေါ်ယူရန် ကြိုးပမ်း

**မန်ချက်စတာ မတ် ၃၁**

ဂါလာတာစာရေးအသင်းသည် မန်ယူအသင်းက ရောင်းချရန်ပြင်ဆင် နေသည့် ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုခေါ်ယူရန် ကြိုးပမ်း လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၁နှစ်ရှိ အဲရစ်ဆင် သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလက ဘရန့်ဖို့ဒ်အသင်းမှ မန်ယူအသင်းသို့ အလွတ်ပြောင်းရွှေ့ ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင် မန်ယူ အသင်းကွင်းလယ်ပိုင်း၌ ကက်စ်မဲ ရိုး၊ဖာနန်ဒက်တို့နှင့် အကောင်းဆုံး တွဲဖက်ပြီးခြေစွမ်းပြသနိုင်ခဲ့သည်။

သို့သော် ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမား ကိုဘီမိုင်နူးက အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိ နေသည့်အတွက် အဲရစ်ဆင်အနေ ဖြင့် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ လူစားဝင် ကစားသမားအဖြစ်သာ ပွဲထွက်ခွင့် ရရှိနေသည့်အတွက် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် အဲရစ်ဆင် ကိုယ်တိုင်က မန်ယူအသင်းမှ ထွက်ခွာရန်အတွက် ကြိုးပမ်းနေ ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် အဲရစ်ဆင်တို့ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိ နေသေးသော်လည်းမန်ယူအသင်း က ကစားသမားသစ်များအင်အား ဖြည့်တင်းရန် ပြောင်းရွှေ့ကြေးအသုံး စရိတ်လိုအပ်နေသည့်အတွက် အဲရစ် ဆင်ကိုပြန်လည်ရောင်းချရန်ပြင်ဆင် နေခြင်းဖြစ်သည်။

လက်ရှိတွင် ဂါလာတာစာရေး အသင်းမှ တာဝန်ရှိသူများက အဲရစ် ဆင်ကိုခေါ်ယူရန်အတွက် ၎င်း၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှု များပြုလုပ်နေပြီး သဘောတူညီမှု ရရှိပါက မန်ယူအသင်းထံ ကမ်းလှမ်း မှုများပြုလုပ်သွားမည်ဖြစ်သည်။

**Ref : Xinhua**
**Trs : STA**

# Texas Children's Houston Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာအပါအဝင် ပြိုင်ပွဲဝင် ငါးဦး ဦးဆောင်



**တက္ကဆက် မတ် ၃၁**

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ် ဟောက်စတန်မြို့တွင် ကျင်းပနေသည့် Texas Children's Houston Open ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစား သမား စကော့တီရှက်ဖလာ၊ ဂျာမနီ ဂေါက်သီးရိုက်ကစားသမား စတီ ဖင်ဂျေဂါ၊ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဒေးဗစ်စကင်၊အာဂျင် တီးနား ဂေါက်သီးရိုက်ကစားသမား တော့စတီ၊ ဘယ်လ်ဂျီယံဂေါက်သီး ရိုက်ကစားသမား သောမတ်စ်ဒီ ထရိုင်တို့က စုစုပေါင်း သတ်မှတ် ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက် ကာ အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာ သည် ဒုတိယနေ့တွင် သတ်မှတ်ရိုက် ချက်အတိုင်းသာ ရိုက်နိုင်ခဲ့၍ အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရ မည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ပြီး နောက် တတိယနေ့၌ ပုံစံကောင်း ပြန်လည်ပြသနိုင်ခဲ့ပြီး အမှတ်ပေး ဇယားထိပ်သို့ တက်ရောက်နိုင်ခဲ့ကာ လက်ရှိချန်ပီယံ တိုနီဖီနော့မှာ ဒုတိယနေ့တွင် စံချိန်တင်ရလဒ် ကောင်းရရှိပြီး အမှတ်ပေးဇယား ကို ဦးဆောင်ခွင့်ရရှိခဲ့သော်လည်း တတိယနေ့၌ သတ်မှတ်ရိုက်ချက် ထက် နှစ်ချက်ပိုရိုက်ခဲ့သည့်အတွက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာအမှတ်ပေး ဇယား၏ T9 နေရာတွင် ရပ်တည် ခဲ့ရသည်။

စကော့တီရှက်ဖလာက "ပထမ နေ့မှာရလဒ်ကောင်းခဲ့ပေမဲ့ ဒုတိယ နေ့မှာတော့ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေး ကျဆင်းခဲ့တယ်။ ဒုတိယနေ့မှာ ရလဒ်ကျဆင်းခဲ့တာ နဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် အားမရခဲ့ပါဘူး။ တတိယနေ့မှာ တော့ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေးကို ကောင်းမွန်ခဲ့ ပါတယ်။ ဒုတိယနေ့က အမှားတွေ ကို ပြင်ဆင်နိုင်ခဲ့တဲ့အတွက် ကြောင့်လဲ ရလဒ်ကောင်းတွေ ရရှိခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

### ပြင်သစ်လီဂူး ပွဲစဉ် (၂၇) ရလဒ်

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၀ | - | ၁ | ဘရက် |
| ကလဲယားမောင့် | ၀ | - | ၃ | တူးလော့ |
| လီဟာဗေး | ၀ | - | ၂ | မောင့်ပယ်လီယာ |
| နိုက် | ၁ | - | ၂ | နန့်တက် |
| စထရာဘော့ | ၂ | - | ၀ | ရိမ်း |

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၇) ရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၁ | - | ၁ | ကိုလုံး |
| စတုဂတ် | ၃ | - | ၃ | ဟိုဒန်ဟိမ်း |

(၀၄၀)

# နိုင်ငံခြားရေးမူဝါဒဖော်ဆောင်ရေးအပေါ် အာရုံစိုက်လာသည့် ဘင်္ဂလားဒေ့ရှ်အစိုးရသစ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရွေးကောက်ပွဲအကြိုကာလများကိုရင်ဆိုင်ရတိုင်း မတည်ငြိမ်မှုများစွာ ရင်ဆိုင်ရလေ့ရှိသည်။ ယခုအခါ လူမှုရေး၊ နိုင်ငံရေး မတည်ငြိမ်မှုများ ပျောက်ကွယ်သွားသည်နှင့်အမျှ ဘင်္ဂလားဒေ့ရှ်သည် ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ သဘောတူညီချက်များ အဆင်ပြေချောမွေ့စေရန် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်တို့နှင့် ၎င်း၏စီးပွားရေးနှင့် သံတမန်ဆက်ဆံရေးကို နက်ရှိုင်းစေရန်အာရုံစိုက်လိမ့်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်နှောင်းပိုင်းမှ ၂၀၂၄ ခုနှစ်အစောပိုင်းသီတင်းပတ်များအတွင်း လူမှုရေးနှင့် နိုင်ငံရေး မငြိမ်သက်မှုများ ဖြစ်ပွားပြီးနောက် ယခုအခါ ဘင်္ဂလားဒေ့ရှ်တွင် အတိုက်အခံဆန္ဒပြမှုများနှင့် နိုင်ငံရေးမငြိမ်သက်မှုများ အတိုင်းအတာတစ်ခုထိ တည်ငြိမ်လာပြီး အစိုးရသည် ၎င်း၏နိုင်ငံခြားရေးမူဝါဒပန်းတိုင်သစ်များကို အကောင်အထည်ဖော်ရန် ပြင်ဆင်နေပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဇန်နဝါရီ ၇ ရက် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ၎င်း၏ စတုတ္ထမြောက်သက်တမ်းနှင့် ပဉ္စမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် အာဏာရ အဝါမီလိဂ် (AL) ပါတီက အမတ်နေရာ ၇၅ ရာခိုင်နှုန်းခန့် ရရှိထားသည်။ ရွေးကောက်ပွဲတွင် AL ကို မဲလိမ်သည်ဟု စွပ်စွဲသည့် BNP မှ ဆန္ဒပြမှုများနှင့်သပိတ်မှောက်မှုများပေါ်ပေါက်ခဲ့သည်။ ရလဒ်အနေဖြင့် အထွေထွေ ရွေးကောက်ပွဲတွင် အမေရိကန်၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့က ရွေးကောက်ပွဲနှင့်ဆက်နွယ်သည့် အကြမ်းဖက်မှုများ၊ ဖမ်းဆီးမှုများကြောင့် ဘင်္ဂလားဒေ့ရှ်၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမှတ်တမ်းများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အထူးသဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတမှုမရှိဟု ကြေညာခဲ့သည်။

**အမေရိကန်နှင့်ဆက်ဆံရေး**

အမေရိကန်-ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေးသည် ပထဝီဝင်နိုင်ငံရေး အကျိုးစီးပွားများ၊ အမေရိကန်၏ တွန်းအားပေးမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်လာခြင်းကြောင့် အင်အားကောင်းလာမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏လက်ရှိအခြေအနေတွင် တည်ငြိမ်နေသရွေ့ အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ခိုင်မာသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရန် ဦးစားပေးလုပ်ဆောင်လိမ့်မည်ဖြစ်သည်။ အထူးသဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင်း တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့ကို တွန်းအားပေးရန် အမေရိကန်၏ မဟာဗျူဟာရည်မှန်းချက်များ၏ အဓိကသော့ချက်ဖြစ်သည်။ ဤနောက်ခံအကြောင်းအရာကိုကြည့်၍ အမေရိကန်နိုင်ငံသည် ပိတ်ဆို့အရေးယူမှုများထပ်မံချမှတ်ခြင်းကို ရှောင်ရှားရန် သို့မဟုတ် ဘင်္ဂလားဒေ့ရှ်အစိုးရကို တရုတ်နိုင်ငံ၏ စီးပွားရေးရပ်ဝန်းအတွင်းသို့ ပိုမိုနက်ရှိုင်းစွာ တွန်းပို့မည်ကို စိုးရိမ်သောကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရအား ပြင်းပြင်းထန်ထန်ဝေဖန်မှုမှရှောင်ရှားရန် ကြိုးပမ်းဖွယ်ရှိသည်။

ဘင်္ဂလားဒေ့ရှ်အနေဖြင့် လိုအပ်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်မျှော်လင့်ချက်ဖြင့် အမေရိကန်နှင့် ၎င်း၏ဆက်ဆံရေးကို နက်ရှိုင်းစေရေးကြိုးပမ်းလိမ့်မည်ဖြစ်သည်။ ဤကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အမေရိကန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အကျိုးစီးပွားနှင့် ပိုမိုကောင်းမွန်စွာလိုက်လျောညီထွေဖြစ်စေရန်နှင့် စီးပွားရေးလုံခြုံမှုကိုသေချာစေရန် ဘဏ်လုပ်ငန်းကဏ္ဍတွင် အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ခြင်းဖြင့် နိုင်ငံအတွင်းစီးပွားရေးလုပ်ဆောင်ရာတွင် လွယ်ကူမှုကို ဦးစားပေးလုပ်ဆောင်နိုင်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးပန်းတိုင်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရေးနှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် အမြန်အလှန်အမြင်ကို မြှင့်တင်သွားရေး ကတိပြုကြောင်း ဖေဖော်ဝါရီ ၅ ရက်က ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။ အမေရိကန်-တရုတ်ပြိုင်ဆိုင်မှုနှင့် အမေရိကန်၏ပိုမိုကျယ်ပြန့်သော အင်ဒို-ပစိဖိတ်မဟာဗျူဟာ၏ အခင်းအကျင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှသို့ အလားအလာရှိသော တံခါးပေါက်တစ်ခုအဖြစ် မဟာဗျူဟာကျကျစွာ တည်နေရာဖြစ်သောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရေးပါလျက်ရှိသည်။

**အိန္ဒိယနှင့်ဆက်ဆံရေး**

ဘင်္ဂလားဒေ့ရှ်တွင် ကြီးထွားလာသော အိန္ဒိယထွက်သွား(India Out)ဟူသည့် လှုပ်ရှားမှုသည်



ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ၏ သမိုင်းကြောင်းအရ နီးကပ်သောဆက်ဆံရေးကို သိသိသာသာခြိမ်းခြောက်နိုင်ဖွယ်မရှိပေ။ အတိုက်အခံဘင်္ဂလားဒေ့ရှ် မျိုးချစ်ပါတီနှင့် ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်းနေထိုင်သူများ ဦးဆောင်သည့် ကြီးထွားလာသော India Out မဲဆွယ်မှုတွင် အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်၏နိုင်ငံရေးနှင့် ရွေးကောက်ပွဲများတွင် စွက်ဖက်နေသည်ဟု စွပ်စွဲထားသည်။ အဆိုပါလှုပ်ရှားမှုသည် အိန္ဒိယ၏ ထုတ်ကုန်များကို သပိတ်မှောက်ရန် ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြည်သူများအား တိုက်တွန်းထားသည်။ ၎င်းက ဘင်္ဂလားဒေ့ရှ်တွင် ဆက်လက်တည်ရှိနေသည့် အိန္ဒိယဆန့်ကျင်ရေးစိတ်ဓာတ်ကို မီးမောင်းထိုးပြပြီး လက်ရှိအာဏာရ အဝါမီလိဂ်ပါတီကိုဆန့်ကျင်သည့် ပုံစံသစ်တစ်ရပ်ကို တင်ပြထားသည်။ ၎င်းသည် အိန္ဒိယ၏အာဏာရ Bharatiya Janata ပါတီ (BJP) နှင့် ပါတီ၏ဆက်ဆံရေးအပေါ် ဝေဖန်မှုများ တိုးပွားလာစေကာ ဘင်္ဂလားဒေ့ရှ်အစိုးရအပေါ် နိုင်ငံရေးမကျေနပ်မှုများကို တိုးပွားလာစေနိုင်သည်။

ဘင်္ဂလားဒေ့ရှ်၏စီးပွားရေးသည် အိန္ဒိယနှင့် ကုန်သွယ်မှုအပေါ် မှီခိုနေရပြီး ဘင်္ဂလားဒေ့ရှ်သည် ဒေသတွင်းတွင် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးလာမှုကို တားဆီးရန် အိန္ဒိယတွန်းအားပေးမှု၏ အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်လူ့အဖွဲ့အစည်း၏ ကဏ္ဍတချို့တွင် အိန္ဒိယဆန့်ကျင်ရေးသဘောထားများ ရှိနေသော်လည်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ချိတ်ဆက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာစီမံကိန်းများမှတစ်ဆင့် ဆက်လက်လုပ်ဆောင်ရန် မျှော်မှန်းထားသည်။ တစ်ချိန်တည်းတွင် အိန္ဒိယနိုင်ငံသည် မဟာဗျူဟာအရအရေးပါသော မာတာဘာရီဆိပ်ကမ်းတွင် အိန္ဒိယ၏ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ရှာဖွေနိုင်ဖွယ်ရှိပြီး ၎င်းသည် အိန္ဒိယ၏အရှေ့မြောက်ပြည်နယ်များနှင့် ချိတ်ဆက်ခြင်းဖြင့် ဆိပ်ကမ်း၏ကုန်တင်ကုန်ချကိုင်တွယ်နိုင်မှုစွမ်းရည်ကို ချဲ့ထွင်နိုင်မည်ဖြစ်သည်။

အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်ကုန်ပစ္စည်းများကို ထိပ်တန်းတင်သွင်းသူဖြစ်ပြီး အပြန်အလှန်အားဖြင့် ဘင်္ဂလားဒေ့ရှ်သည် ဝါဂွမ်း၊ ဆန်နှင့် ဂျုံကဲ့သို့သော မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများအတွက် အိန္ဒိယကို မှီခိုနေရသည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့သည် ဘက်စုံစီးပွားရေးမိတ်ဖက်ဖြစ်ရေး သဘောတူညီချက် (Comprehensive Economic Partnership Agreement -CEPA) ကို လက်မှတ်ရေးထိုးရန် ကြိုးပမ်းလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် ဆွေးနွေးညှိနှိုင်းမှုများ စတင်နိုင်ဖွယ်ရှိသည်။

**ဂျပန်နိုင်ငံနှင့်ဆက်ဆံရေး**

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကာကွယ်ရေးဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းမည်ဖြစ်သည်။ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့သည် စီးပွားရေးမိတ်ဖက်သဘောတူညီချက် (EPA) ဟုခေါ်သော လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ကြိုးပမ်းမှုမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရေးပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ EPA သည် လာမည့်လများတွင် စတင်ဆွေးနွေးမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ပြီးဆုံးမည်ဟု မျှော်လင့်ရသည်။ ကုန်သွယ်ရေးဆွေးနွေးပွဲသည် ဘင်္ဂလားဒေ့ရှ် အထည်အလိပ်နှင့် ပင်လယ်စာများ (ဂျပန်နိုင်ငံမှ ထိပ်တန်းတင်သွင်းသူ) တင်ပို့မှုအပြင် ဘင်္ဂလားဒေ့ရှ်က ဂျပန်ဆန်နှင့် အမဲသားတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုများကို ပြေလည်စေမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် လက်ရှိတွင် တင်သွင်းသော သံမဏိနှင့် မော်တော်ကားများအပေါ် စည်းကြပ်ခွန်များကို ၁၀ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီးလျှော့ချရန် ကြိုးပမ်းမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၏ပို့ကုန်နှင့် သွင်းကုန်များအပေါ် အခွန်လျှော့ချရန် ဂျပန်နိုင်ငံက သဘောတူပါက ၂၀၂၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်၏ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံထားရမှုမှ ဖြည်းဖြည်းချင်းလျော့ပါးလာနိုင်သည်။ ထိုအတောအတွင်း စစ်တကောင်းဆိပ်ကမ်းအာဏာပိုင်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) ၏ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ထားသည့် မတ္တရာရေနက်ဆိပ်ကမ်း တည်ဆောက်မှုအတွက် ကန်ထရိုက်တာများကို လာမည့်လများအတွင်း ရွေးချယ်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံတို့၏ ပို့ကုန်၊ သွင်းကုန်နှင့် ရေကြောင်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် စတင်လည်ပတ်ရန် စီစဉ်ထားသည်။

စီးပွားရေးနယ်ပယ်အပြင် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်တို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာလုပ်ဆောင်ရန် အသင့်ဖြစ်နေသည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံမှထုတ်ဖော်ပြသခဲ့သော တရားဝင်လုံခြုံရေးအကူအညီ (OSA) မူဘောင်အရ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တုံ့ပြန်ရန်အတွက် စိတ်တူကိုယ်တူနိုင်ငံများကို စစ်ရေးအကူအညီဖြင့် ကူညီပေးရန် ကြိုးပမ်းလျက်ရှိသည်။ ဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှု ကြီးထွားလာသည်နှင့်အမျှ ဤတိုးချဲ့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် ဂျပန်အနေဖြင့် ဘင်္ဂလားဒေ့ရှ်၏ ရေကြောင်းကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်ကို စစ်ရေးအကူအညီနှင့် ပံ့ပိုးငွေများ ပေးစွမ်းနိုင်မည်ဖြစ်သည်။

အမေရိကန်၊ အိန္ဒိယနှင့် ဂျပန်တို့နှင့်ဆက်ဆံရေးကို အလေးပေးလာသော်လည်း ဘင်္ဂလားဒေ့ရှ်အစိုးရသည် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် မျှတသော ချဉ်းကပ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖွယ်ရှိသည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်တစ်လျှောက်စီးဆင်းနေသည့် တက်စ်တာမြစ်ပေါ်ရှိ တရုတ်ရန်ပုံငွေဖြင့်တည်ဆောက်သော စီမံကိန်းအတွက် ၎င်းသဘောထားမှာ ထင်ရှားသည်။ စီမံကိန်းပြီးစီးပါက ဘင်္ဂလားဒေ့ရှ်၏ ရေစီမံခန့်ခွဲမှု ကြိုးပမ်းအားထုတ်မှုနှင့် မြောက်ပိုင်းဒေသရှိ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ပေးခြင်းတို့ကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏စွမ်းအင်နှင့် စွမ်းအင်ကဏ္ဍတွင် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ရှာဖွေနေဖွယ်ရှိသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၏ လေအားနှင့် နေရောင်ခြည်စွမ်းအင်ကို မြှင့်တင်ရန် ရည်ရွယ်သည့် ၎င်း၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရန်ပုံငွေပံ့ပိုးရန်၊ ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏ပြည်တွင်း၌ တစ်ပိုင်းလျှပ်ကူးချစ်ပ်များ၊ လျှပ်စစ်ကားများနှင့် လီသီယမ်ဘက်ထရီများ ထုတ်လုပ်နိုင်မှုတို့နှင့်အတူ တရုတ်နိုင်ငံသို့ ဦးတည်သွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် လာမည့်ငါးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်၏ စွမ်းအင်နှင့် စွမ်းအင်ကဏ္ဍတွင် တရုတ်နိုင်ငံ၏ပါဝင်ပတ်သက်မှုကို တိုးမြှင့်လိုကြောင်း အတိအလင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ခြုံ၍ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်သည် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု နှစ်စဉ် ထိခိုက်ခဲ့ရသကဲ့သို့ လူဦးရေအဆမတန် တိုးမြှင့်လာမှုကြောင့်လည်း အကျပ်အတည်းများစွာကို ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ဟာဆီနာသည် အင်အားကြီးနိုင်ငံများနှင့်ဆက်ဆံရေးကို တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိပြီး ထိုမှတစ်ဆင့် ၎င်းနိုင်ငံများ၏ ပံ့ပိုးကူညီမှုများဖြင့် နိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံတကာမှချေးငွေကိစ္စရပ်များကို အထောက်အကူပြုစေသည်။ ယခုအကြိမ် သက်တမ်းတွင်လည်း နိုင်ငံအကျိုးစီးပွားအပေါ် အထောက်အကူပြုစေရန်အတွက် အင်အားကြီးနိုင်ငံများနှင့် နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေး ချိန်ညှိဆက်ဆံရန်အတွက် နိုင်ငံခြားရေးမူဝါဒအသစ်ကို ပုံဖော်ရန် ပြင်ဆင်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- worldview.stratfor.com/article/dust-settles-home-bangladesh-turns-its-attention-foreign-policy

နေရှား(သုတေသန)

# Authorities announce the closure of National Theater (Mandalay) during Thingyan period



The National Theater (Mandalay).

**Mandalay March 31**

The National Theater (Mandalay) will be temporarily closed from April 13 to April 17 during Thingyan period, according to U Thet Swe, assistant director of the engineering department of the theater.

In Mandalay city, the National Theater (Mandalay) is currently being leased to private entrepreneurs to hold concerts, lectures, and market fairs. However, bookings will be temporarily suspended during Thingyan holidays.

"In the coming April, we have rented an event for entertainment programs. If private entrepreneurs want to rent the National Theater for entertainment programs and other sales events, we will accept the event rental. However, during Thingyan period, the theater will be closed for a short period of time," he said.

The theater will be reopened as usual on April 18, the second day of the New Year, and will also accept event rentals.

The theater currently rents performances at a rate of two million kyats per show, and the theater can accommodate a total of 1,009 spectators.

184

# High-demand herbaceous plant seeds flourish in Mandalay market

**Mandalay March 31**

The seeds produced from the herbaceous plants related to the prairie turnip, which have a strong market for export during this winter harvest period, have high demand in the Mandalay market, according to the Mandalay bean traders.

These seeds are planted in the upper Anya area, where the onion, pepper and chickpea are planted and they are grown in onion, pepper and chickpea fields. They entered into Mandalay market from Pale, Yinmabin, Wundwin, Thedaw, Thazi and Pyawbwe areas. The price of sunflower seeds is up to 8,000 kyats per viss due to the demand from China, said U Soe Win Myint, the owner of Soe Win Myint wholesale center in Mandalay.

These seeds are usually produced in the winter season in Upper Anya Region and also in Taninthayi Region and Rakhine State. These seeds are rarely used in the domestic market. In the Chinese market, it is being widely purchased to be used as medicine, so it is getting good prices.

185

# Singu Township authorities sell 300 bags of natural fertilizers to cooperative members

**Mandalay March 31**

A total of 300 bags of Sanwady natural fertilizer have been distributed and sold in order to fully utilize the inputs for the crops of the cooperative farmers in Singu Township, Mandalay Region, said U Hlaing Moe, Assistant Director of the Cooperative Department for Mandalay Region.

It is known that 300 bags of Sanwady natural fertilizers were distributed and sold in February to the agricultural farmers for the cultivated acres of the cooperative farmers in Singu Township in order for the farmers of the cooperative association to fully use the nutrients of the plants for their summer paddy and other crops.

"We distribute and sell to farmers who grow summer crops in Singu Township, both through an instant payment system and an installment system. The aim is for farmers to buy and use at a lower price than the outside market. The fertilizer is planned to be distributed so that farmers can use it regardless of the season," he explained.

185



Photo shows a thriving paddy field.

# Chinese EV makers gaining traction in Dutch market: ING economist

**The Hague March 31**

Chinese Electric Vehicle (EV) makers are making noteworthy progress in the Dutch market, according to a senior economist at the ING Bank.

During a recent interview with Xinhua, Rico Luman, Senior Economist of Transport, Logistics, and automotive at ING Bank, highlighted the growing presence of Chinese Battery Electric Vehicles (BEVs) in the Netherlands. He noted that BEVs from Chinese manufacturers accounted for approximately 8 percent of total BEV registrations during the first two months of this year. This marks a slight increase from 7 percent reported in the same period of last year.

One standout performer in this market is BYD, a multinational company operating in the automotive and renewable energy sectors. BYD is now the largest Chinese brand in the Dutch BEV market, enjoying a 2 percent market share.

Although higher import tariffs are on the horizon, Chinese automakers have the opportunity to increase their market share in the Netherlands, said Luman, noting that Chinese manufacturers could retain a cost advantage and start car production in Europe, just like what BYD plans to do in Hungary.

Xinhua



Visitors view a BYD Seal electric car displayed at Brussels Auto Show in Brussels, Belgium, Jan. 17, 2024.

# Egypt to receive 1st tranche of IMF loan next week: PM

**Cairo March 31**

Egyptian Prime Minister Mostafa Madbouly announced on Saturday that Egypt is set to receive the inaugural installment of an 8-billion-dollar expanded loan program from the International Monetary Fund (IMF) next week.

Speaking at an industrial zone near Cairo, Madbouly added that Egypt is working on increasing dollar resources by supporting industry and export.

The IMF had previously approved a 3-billion-dollar, 46-month Extended Fund Facility (EFF) arrangement for Egypt in late 2022, aimed at supporting its economic reforms. However, the relevant first and second reviews were delayed.

On Friday, the IMF said its executive board has completed the first and second reviews of Egypt's 3-billion-dollar EFF arrangement and approved an additional 5-billion-dollar funding, noting this enables Egypt to immediately draw about 820 million dollars.

Egypt has recently seen a large foreign cash inflow after it signed in February a 35-billion-dollar investment deal with the United Arab Emirates to develop a new resort city, Ras Al-Hekma, on Egypt's northern coast.

Earlier in March, the World Bank said it intends to provide more than 6 billion dollars "to support Egypt's development and reform efforts," while the European Union announced it will provide a financial package of 7.4 billion euros (about 8 billion dollars) to bolster the Egyptian economy.

Xinhua

# More than 40,000 international tourists visited Myanmar in Jan ad Feb 2024


A Buddhist temple in Bagan.

**Nay Pyi Taw March 31**

U Nanda Aung, Director of Yangon Region Directorate of Hotels and Tourism, said that more than 40,000 international travellers paid visits to Myanmar in January and February 2024, and most of them came from Thailand.

In comparison with the number of tourists in same period of 2023, the number of tourists increased some 4,000 this year, and most of those travellers arrived in Myanmar by air.

"Last year, number of international travellers hit more than 36,000. They came from Thailand, China and Viet Nam who preferred to visit Yangon, Bago, Kyaiktiyo, Bagan, NyaungU, Mandalay and beaches," he explained.

Myanmar added 14 more tourist destinations across the nation. The travellers are served at some 2,000 hotels, motels and lodges with over 2,000 licensed tour guides and over 500 tour companies. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mandalay bus services extended till Thingyan Eve for passenger convenience

**Mandalay March 31**

The buses in Mandalay city will run until the preday of Thingyan for the convenience of passengers, according to U Mya Ngwe, the chairman of Bus Line No. 1, 2, and 3.

The traditional Myanmar Thingyan water festival to be held in April will be a national holiday, and the water festival will be celebrated happily.

"Bus lines No. 1, 2, and 3 will run so that passengers who want to go shopping on the eve of Thingyan can travel to places such as Mandalay Mountain, Yankin Mountain, and Mandalay Port without any difficulty," he continued.

The bus lines will be temporarily suspended from Thingyan Akya Day (on April 14) and will resume normal operations from the second day of Myanmar New Year (on April 18).

From the third week of March, the number of passengers riding bus lines 1, 2, and 3 in Mandalay City has reached over 2,500 per day.

184


A passenger vehicle running in Mandalay.

# More than 2,000 acres of winter sesame harvested in Bamauk Township

**Bamauk March 31**

Katha District Agriculture Department stated that a total of 2,020 acres of winter sesame has been harvested in Bamauk Township of Sagaing Region this winter.

It yielded 15.27 baskets of sesame per acre. Local farmers have so far harvested 2,020 acres of sesame.

"The township grew 2,020 acres of winter sesame. These acres have been harvested at all. Local farmers do not grow sesame in monsoon but in winter. Our department helps local farmers expand sown acreage of sesame and use GAP," said U Myint Soe, head of Katha District Agriculture Department.

In 2023-24 financial year, the township slated to grow 2,020 acres of sesame. Local farmers grew it from October to December 2023.

Relevant agriculture department helps local farmers expand sown acreage of sesame, use better agricultural techniques and GAP system and use quality strains of sesame.

The crops grown in GAP system get good prices and high yield. So, it can be exported to earn increased incomes. 206


A sesame plantation.

# KhinU Township completes harvesting of more than 6,000 acres of green gram

**KhinU March 31**

A total of 6,289 acres of croplands were placed under green gram in KhinU Township of Sagaing Region, according to the statistics of KhinU Township Agriculture Department.

Local farmers started harvesting of green gram in February this year. So far, they have harvested 6,289 acres of green gram, yielding 17.19 baskets per acre.

"We have grown 6,289 acres of green gram in KhinU Township. At present, we have harvested all sown acreage. We made efforts for raising the farmer awareness of using agricultural techniques and quality strains of crops for boosting per acre yield," said U Nay Win Naing, Head of KhinU Township Agriculture Department.

In 2023-24 financial year, the township slated to grow 6,515 acres of green gram, and local farmers could grow 6,289 acres, exceeding the target cultivation.

In 2022-23 FY, they grew 6,515 acres of green gram. In 2023-24 FY, the township scheduled to grow 85m159 acres of pre-monsoon and monsoon green gram in toto, and local farmers cultivated 15,162 acres of pre-monsoon green gram and 63,232 acres of monsoon green gram, totalling 78,394.

The Township Agriculture Department provides agricultural techniques, quality strains of crops, pesticides and systematic use of fertilizers for boosting production.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်တော်ဝင်ရေတပ်က Hypersonics ဒုံးကျည်များကို တန်ပြန်ရန် Decoy Launchers များတပ်ဆင်သွားမည်



ဗြိတိန်နိုင်ငံသည် Hypersonics ဒုံးကျည်များကဲ့သို့သော ခြိမ်းခြောက်မှုများမှ တော်ဝင်ရေတပ်၏ စစ်ရေယာဉ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်းအား မြှင့်တင်ရန်အတွက် Trainable Decoy Launchers များ တပ်ဆင်အသုံးပြုရန် စတာလင်ပေါင် ၁၃၅ သန်း (အမေရိကန်ဒေါ်လာသန်း ၁၇၀) ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း Defense Post သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Type 45 ဖျက်သင်္ဘောများ၊ အနာဂတ်တွင် ထွက်ပေါ်လာမည့် Type 26 နှင့် Type 31 ဖရီးဂိတ်စစ်သင်္ဘောများတွင် Ancilia ပင်လယ်ရေကြောင်း တန်ပြန်ကာကွယ်ရေးစနစ် တပ်ဆင်အသုံးပြုနိုင်ရန်အတွက် Systems Engineering & Assessment Ltd. ကုမ္ပဏီနှင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဤစာချုပ်သည် လက်ရှိ ဗြိတိန်တော်ဝင်ရေတပ်ရှိ ဖျက်သင်္ဘောများနှင့် Type 26၊ Type 31 ဖရီးဂိတ်စစ်သင်္ဘောသစ်များကို သင်္ဘောဖျက်ဒုံးကျည်ခြိမ်းခြောက်မှုရန်များမှ ကာကွယ်နိုင်ရေး အဆင့်မြှင့်ထောက်လှမ်းရေးနှင့် တုံ့ပြန်လုပ်ဆောင်နိုင်စွမ်းကို ပိုင်ဆိုင်နိုင်စေရန် ပင်လယ်ရေကြောင်း အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ ပေါင်းစည်းလုပ်ဆောင်နိုင်စွမ်း ပရိုဂရမ်နှင့် ချိတ်ဆက်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ Electronic Warfare Counter Measure Project မန်နေဂျာ Rebecca Fullerton က ပြောကြားခဲ့သည်။

ရေတပ်သုံး Decoy Launcher တွင် ဝင်ရောက်လာသော ရန်သူ့ဒုံးကျည်များကို လှည့်စားရန်နှင့် လမ်းကြောင်းလွဲရန်အတွက် Decoy များစွာကိုဖြန့်ကြက်ပြီး စစ်သင်္ဘော၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ Ancilia ၏ Trainable သဘောသဘာဝသည် သမားရိုးကျအထိုင်ချဖြေရှင်းနည်းများဖြင့် လှုပ်ရှားစစ်ကစားမှုပြုလုပ်ရန် မလိုအပ်ဘဲ ဝင်ရောက်လာသော ခြိမ်းခြောက်မှုကို တုံ့ပြန်ချေဖျက်နိုင်စွမ်းရှိခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း Devon အခြေစိုက်ထုတ်လုပ်သူကုမ္ပဏီ၏အဆိုအရ သိရသည်။

Trainable Decoy Launcher စနစ်သည် တော်ဝင်ရေတပ်၏ ကျယ်ပြန့်သောစွမ်းဆောင်ရည်များကို ဖြည့်ဆည်းပေးနိုင်ရန် အနာဂတ်တွင် တော်ဝင်ရေတပ်စစ်ရေယာဉ်စုများကို အဆင့်မြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များဖြင့် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု MEWP အကြီးတန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ ဗိုလ်ချုပ် Matthew Stratton က ပြောကြားခဲ့သည်။

စာချုပ်သည် ဗြိတိန်တော်ဝင်ရေတပ်၏ MEWSIC ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး စစ်ရေယာဉ်ပေါ်ရှိ အီလက်ထရွန်နစ်ထောက်လှမ်းခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေးကွပ်ကဲထိန်းချုပ်မှုနှင့် နောင်အနှစ် ၂၀ အတွင်း တန်ပြန်ဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ရန်တို့ ပါရှိသည်။ Somerset အခြေစိုက် ရုံးချုပ်ကုမ္ပဏီသည် Elbit Systems UK ကို ဖြတ်ကျော်၍ 130 mm Decoy ပစ်လွှတ်ခြင်းစနစ်ကို အစားထိုးရန်အတွက် Electronic Warfare Counter Measure Increment 1a သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ စုစုပေါင်း လောင်ချာ ၃၈ လုံးကို သင်္ဘော ၁၉ စီးတွင် တပ်ဆင်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်နှောင်းပိုင်းတွင် လွှဲပြောင်း၊ ပို့ဆောင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Royal Navy Vessels to Get Decoy Launchers to Counter Hypersonics ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက Joker FPV ဒရုန်းများဖြင့် ယူကရိန်းတပ်ခွဲတစ်ခွဲကို လက်နက်ချအညံ့ခံရန် လုပ်ဆောင်နိုင်ခဲ့



ရုရှားနိုင်ငံထုတ် Joker FPV ဒရုန်းများသည် ယူကရိန်းတိုက်ခိုက်ရေးတပ်ခွဲတစ်ခွဲကို လက်နက်ချအညံ့ခံရန်လုပ်ဆောင်နိုင်ခဲ့ကြောင်း Integrated Unmanned Solutions Developer ၏ အထွေထွေဒါရိုက်တာ Dmitry Kuzyakin က မတ် ၃၀ ရက်တွင် Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

"ဒီလိုမှတ်တမ်းမျိုးကို ဘယ်သူမှ နောက်တစ်ကြိမ် ပြန်လုပ်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့လဲ FPV ဒရုန်းတွေ အစုလိုက်အပြုံလိုက် အသုံးပြုတိုက်ခိုက်လာမှုရဲ့ သက်ရောက်မှုကို သူတို့ကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့ရပြီးနောက် ယူကရိန်းစစ်ဘက်မှ တပ်ဖွဲ့ဝင် ၆၀ လောက် လက်နက်ချ၊ အညံ့ခံခဲ့တာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒရုန်းသေးသေးလေးတစ်စင်းနဲ့ ယူကရိန်းတပ်ခွဲတစ်ခွဲကို ဖမ်းဆီးနိုင်ခဲ့တာပါပဲ"ဟု စစ်မြေပြင်တွင် Joker FPV ဒရုန်းတွေ အရေးကြီးဆုံးပစ်မှတ်ကို မည်သို့ရွေးချယ်တိုက်ခိုက်လေ့ရှိကြောင်း မေးမြန်းချက်အပေါ် Dmitry Kuzyakin က ပြန်လည်ဖြေကြားခဲ့သည်။

ယူကရိန်းစစ်ဘက်သည် သမားရိုးကျစစ်ပွဲကို မျှော်လင့်ထားပြီး ပုံမှန်ခံစစ်ပြင်ဆင်မှုများဖြင့်သာ လက်ရှိတွင် တိုက်ပွဲဝင်နေခြင်းဖြစ်ကြောင်း Dmitry Kuzyakin က ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် သမားရိုးကျစစ်နည်းဗျူဟာများအတိုင်း စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ခြင်းမရှိပါ။ သို့သော်လည်း FPV ဒရုန်းအော်ပရေတာများသည် ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ဒုတိယခံစစ်စည်းကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ထိုအချိန်တွင် ပထမခံစစ်စည်းမှ ရှေ့တန်းကျကျတိုက်ပွဲဝင်နေသော ယူကရိန်းတပ်ဖွဲ့ဝင်များသည် ဆက်လက်ခုခံနေမှုသည် အဓိပ္ပာယ်မရှိတော့ဟု ကောင်းစွာ သဘောပေါက်သွားကြတော့သည်။ ယူကရိန်းတပ်ခွဲတစ်ခွဲလုံး လက်နက်ချ၊ အညံ့ခံခဲ့မှုသည် ကျွန်ုပ်တို့စင်တာ၏ Integrated Unmanned Solutions တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နေမှုများအတွက် အရေးပါသောဆုဖလားတစ်ခုပင်ဖြစ်သည်ဟု Integrated Unmanned Solutions Developer ၏ အထွေထွေဒါရိုက်တာ Dmitry Kuzyakin က Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

Integrated Unmanned Solutions ဒီဇိုင်းဗျူရိုသည် FPV တိုက်ခိုက်ရေးဒရုန်းများအတွက် အသုံးချပရိုဂရမ်များကို အပြည့်အဝလုပ်ဆောင်ပေးလျက်ရှိသည်။ ဒရုန်းများကို ထုတ်လုပ်ခြင်း၊ ဒရုန်းပျံသန်းပုံနည်းစနစ်များအား အော်ပရေတာများကို လေ့ကျင့်သင်ကြားပေးကာ ၎င်းတို့အား ထိရောက်စွာအသုံးပြုနည်းတို့ကို လေ့ကျင့်ပေးလျက်ရှိသည်။ နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်မှုများအတွင်း ကုမ္ပဏီသည် Joker FPV တိုက်ခိုက်ရေးဒရုန်းများကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ နောက်ဆုံးပေါ်အမျိုးအစား Joker-10 FPV ဒရုန်းသည် ဝန်တင်ဆောင်နိုင်မှု ငါးကီလိုဂရမ်ထိ သယ်ဆောင်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ အမြန်နှုန်းထိ (ဝန်တင်ဆောင်မှုမပါလျှင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ထိ) ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

**Russian 'Joker' Drones Force Company of Ukrainian Troops to Surrender ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၃၁**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၄၄၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို အသီးသီးဂုဏ်ပြုပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၆၈၆ ပါး/ဦး အနက် ၁၀၉၂၇ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၈၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းအား သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး စီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်အား သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**၂၀ ရှေ့ဖုံးမှအဆက်**

မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင် အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခုံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Hand-made အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုကို LED Strip Light များဖြင့်လည်းကောင်း၊ အသီးသီးပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့်ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက် အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။



(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**☐ တင်းနစ်ပြိုင်ပွဲချန်ပီယံဆုမှအဆက်**

ဒုတိယပွဲငယ်တွင် အများအယွင်းများခဲ့သည့်အတွက် ဒန်နီကောလင်းကို အရှုံးပေးခဲ့ရသည်။ ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး tie-break အဆင့်ထိ ရောက်ရှိခဲ့သည်။ ဒန်နီကောလင်းအနေဖြင့် မွေးရပ်မြေတွင် ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်ပြီး ပရိသတ်များ၏ အားပေးမှုကိုရရှိခဲ့သည့် တင်းနစ်မယ်ဖြစ်သကဲ့သို့ ကစားသမားဘဝသက်တမ်းတစ်လျှောက် အဆင့်အမြင့်ဆုံးသောဆုဖလားကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ဒန်နီကောလင်းအနေဖြင့် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၂ ခုနှစ် ဩစတေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းမှာ ကစားသမားဘဝသက်တမ်းတစ်လျှောက် အမြင့်ဆုံးရရှိခဲ့သည့် အောင်မြင်မှုဖြစ်ပြီး မိယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် WTA Tour အဆင့်၌ ပထမဦးဆုံးသော ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒန်နီကောလင်းက "ကျွန်မအနေနဲ့ကတော့ ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရချင်တယ်။ အဲ့ဒီအတွက်လည်း အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၃ ခုနှစ်ကစပြီးတော့ WTA Tour မှာ ချန်ပီယံဖလားဆွတ်ခူးနိုင်ဖို့အရေးကို ပိုပြီးတော့အာရုံစိုက်ဖြစ်ခဲ့တယ်။ လေ့ကျင့်မှုအပိုင်းမှာလည်း အချိန်ပိုပေးဖြစ်ခဲ့တယ်။ အခုကျွန်မလိုချင်တဲ့ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ။ မွေးရပ်မြေက ပရိသတ်တွေရှေ့မှောက်မှာ ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တာဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုဖလားကို ကျွန်မဘယ်လောက်ထိလိုချင်နေသလဲဆိုတာကို ကျွန်မနဲ့ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတိုင်းလည်း သိပါတယ်။ ဒီဖိုင်နယ်ပွဲစဉ်မှာ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရဖို့ ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့ခံစားချက်က အရမ်းကောင်းတယ်။ ဒီဖိုင်နယ်ပွဲစဉ်မှာ ကျွန်မအနေနဲ့ ကြံ့ခိုင်မှုပိုင်းသာမက စွမ်းဆောင်ရည်ပိုင်းကလည်း သိသိသာသာကို တိုးတက်ကောင်းမွန်ခဲ့တယ်။ ဒီလိုခမ်းနားတဲ့ပြိုင်ပွဲမျိုးမှာ ကျွန်မမှာရှိတဲ့ အကောင်းဆုံးတင်းနစ်စွမ်းရည်တွေ ထုတ်ပြနိုင်ခဲ့တယ်။ ဒီလို အောင်မြင်မှုမျိုးတွေ နောက်ထပ်ဆွတ်ခူးခွင့်ရချင်ပါသေးတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Xinhua**

**Trs: AZL**

**☆ ကျောဖုံးမှအဆက်**

ထို့ပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှုလည်းကောင်း၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်သည်။ အဆိုပါ Water-Donation Mobile Application ကို ဖော်ပြပါ Website တွင် အလွယ်တကူရယူအသုံးပြုနိုင်ကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာပါက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၄၀၁ ကျပ်မှ ကျပ် ၇၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၉၆ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၂၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၄၄ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၉၃ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၀၈၀၁ ကျပ်မှ ကျပ် ၁၂၆၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၄၁ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၆၀၁ ကျပ်မှ ကျပ် ၁၄၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၉၀ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၄၀၁ ကျပ်မှ ကျပ် ၁၆၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၃၉ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၂၀၁ ကျပ်မှ ကျပ် ၁၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၈၈ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၈၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၃၇ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ်၂၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၇၂ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၀၁ ကျပ်မှ ကျပ် ၂၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၇၄၅ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ် လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁ ကျပ် မှ ကျပ် ၁၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၆ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၀၁ ကျပ်မှ ကျပ် ၂၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၄၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၀၁ ကျပ်မှ ကျပ် ၄၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၇ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၁၀၁ ကျပ်မှ ကျပ် ၅၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၆၇ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၆၀၁ ကျပ်မှ ကျပ် ၇၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၉၇ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၁၀၁ ကျပ်မှ ကျပ် ၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၂၇ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၆၀၁ ကျပ်မှ ကျပ် ၁၀၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၅၇ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၁၀၁ ကျပ်မှ ကျပ် ၁၁၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၈၇ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၆၀၁ ကျပ်မှ ကျပ် ၁၃၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၁၇ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၁၀၁ ကျပ်မှ ကျပ် ၁၆၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၁၂ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၁၀၁ ကျပ်မှ ကျပ် ၁၉၁၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၇၂ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၉၁၀၁ ကျပ်မှ ကျပ် ၂၂၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၃၂ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၁၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများ နှင့် ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများ နှင့်ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများ နှင့် ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၆)**

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန်ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံးအင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV/ Solar Mounted Structure, Solar / PV Mounted Frames, Solar / PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များ အပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)]၊ ယင်းတို့၏ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။ |
| ၃၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့်ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| | |
|---|---|
| ကာကွယ်ရေးဆိုင်ရာကုန်စည်များ | |
| ၃၈ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)။ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ | |
| ၃၉ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၄၀ | ရေနံချေး။ |
| အထွေထွေကုန်စည်များ | |
| ၄၁ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၂ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြု ထောက်ခံသည့် ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။ |
| ၄၄ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၅ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၄၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျှော့အကောက်ခွန် (Draw back) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ၊ |
| ၄၇ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှု မရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| နိုင်ငံခြားရေးကဏ္ဍ | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ကာကွယ်ရေးကဏ္ဍ | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ် ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ကျန်းမာရေးကဏ္ဍ | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| စက်မှုနှင့် လျှပ်စစ်ကဏ္ဍ | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| အထွေထွေကဏ္ဍ | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ အနီးတွင် ပိုင်စိုးမောင်းနှင်ပြီး မအိအိမွန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာရှိ ပိုင်စိုး၏နေအိမ်နှင့် အမရပူရမြို့နယ် တောတွင်းကျေးရွာရှိ မအိအိမွန်၏နေအိမ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကို လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မတ် ၂၄ ရက်တွင် မဟာအောင်မြေ မြို့နယ်၌ မစိန် (ခ)သက်ထားကိုလည်း ကောင်း၊ မတ် ၂၆ ရက်တွင် ချမ်းမြသာစည် မြို့နယ် မြို့သစ်ရပ်ကွက်၌ ဝိုင်အောင်မြင့် ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်း ကောင်း၊ ကျော်ရဲသူကို ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာသွားလမ်း၌ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ မော်တော် ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ ဝေါ်ယုံ ဆင်းအား ချမ်းမြသာစည်မြို့နယ် ထွန်းတုံး ရပ်ကွက် ၅၄ လမ်း ၁၀၉ (B)နှင့် ၁၁၀ လမ်းကြားရှိ ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေး ဖော်ထုတ်ခဲ့ရာ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဝိုင်အောင်မြင့် ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော် ကြည်ကုန်းရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွ ရူးသွပ်ဆေးပြား ၈၆၀၀၀၀ ထပ်မံ သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော်နှင့် အတူ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိ ခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား များကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်း ဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေ အရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ်လ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် "Khintha zinwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၇၂)ရပ်ကွက်နေ ခင်သဇင် ဝင်းအား နံနက် ၉ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ "U Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာနေ ဇော်ဇော်အား မွန်းလွဲ ၁ နာရီခွဲတွင်လည်း ကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# ၂၀၂၄ ခုနှစ် ဧပြီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် မတ် ၃၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ၊ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက် ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင် ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင် ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ် မြို့တို့တွင် သုံးလက်မမှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးလက်မမှ ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်အောက် ကျဆင်းလာနိုင်ပါသည်။

**(မိုး/ဇလ)**


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၊ နီဗားဒါးပြည်နယ်၊ အရီဇိုးနားပြည်နယ်တို့တွင် ရေဘေးအန္တရာယ် အနီရောင်အဆင့်သတ်မှတ်



**ဝါရှင်တန် မတ် ၃၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၊ နီဗားဒါးပြည်နယ်၊ အရီဇိုးနားပြည်နယ်တို့တွင် မုန်တိုင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိရာ ရေဘေးအန္တရာယ်အနီရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မတ် ၃၀ ရက် သတင်းများအရ သိရသည်။

ဆန်ဖရန်စစ္စကိုမြို့တွင် မိုးရေချိန်အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိနေပြီး မြို့တွင်းရှိ လမ်းမကြီးများရေလွှမ်းကာ မော်တော်ယာဉ်တချို့ ရေမြုပ်နေပြီး ဆန်တာဘာဘရာမြို့နှင့် လော့စ်အိန်ဂျယ်လိစ်မြို့တို့တွင်လည်း ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးများကို ယာယီပိတ်ထားရကြောင်း၊ မိုးရေချိန်မှာ တစ်လက်မမှ သုံးလက်မထိ မြင့်တက်နေပြီး မိုးရေချိန်မှာ ခြောက်လက်မထိ မြင့်တက်လာဖွယ်ရှိနေကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေသည့် ဧရိယာများတွင် ရေကြီးရေလျှံမှုကြောင့် လူသွားလမ်းများတွင် ရေလွှမ်းမိုးမှုမှာ နှစ်ပေကျော်ထိရှိကြောင်း အမေရိကန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုတွေ ဆိုးရွားစွာဖြစ်ပေါ်နေပါတယ်။ လူသွားလမ်းတချို့မှာ ရေနှစ်ပေကျော်လောက်ထိ မြင့်တက်နေတယ်။ အချို့ဧရိယာတွေမှာ မော်တော်ယာဉ်တွေရေမြုပ်သွားခဲ့လို့ ကယ်ဆယ်ရေးဝန်ထမ်းတွေက အရေးပေါ်အခြေအနေနဲ့ မော်တော်ယာဉ်မှာ လိုက်ပါလာတဲ့ ဒေသခံတွေကို ကယ်ထုတ်ပေးနေရတယ်။ ရေကြီးရေလျှံမှုဟာ အခြေအနေပိုဆိုးလာနိုင်တယ်။ ဆန်ဒီယေဂိုနဲ့ ဆန်ဖရန်စစ္စကိုဒေသခံတွေကိုတော့ ကယ်ဆယ်ရေးဝန်ထမ်းတွေ ကူညီပေးနေပါတယ်။ ဆန်ဖရန်စစ္စကိုမြို့မှာ ရေဘေးအန္တရာယ် ဆိုးရွားနေတဲ့အတွက်ကြောင့် ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားပါတယ်"ဟု အမေရိကန် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကနေဒါနိုင်ငံ ဆန်ဒရီနယ်မြေတွင် တောမီးလောင်ကျွမ်းမှုရာသီအတွက် ကြိုတင်ပြင်ဆင်နေ

**အော့တဝါ မတ် ၃၁**

ကနေဒါနိုင်ငံ ဆန်ဒရီနယ်မြေတွင် ဆန်ဒရီမီးသတ်တပ်ဖွဲ့က တောမီးရာသီအတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ဆန်ဒရီနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်သည် အယ်ဘတ်တာပြည်နယ်အတွင်း ခြောက်သွေ့ပူပြင်းသောရာသီဥတုဖြင့် ရင်ဆိုင်နေရသကဲ့သို့ စိုထိုင်းဆအနည်းဆုံးနှစ်တစ်နှစ်အဖြစ်လည်း မှတ်တမ်းဝင်ထားကြောင်း၊ အယ်ဘတ်တာပြည်နယ်တွင် ဧပြီလမှစတင်၍ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လေ့ရှိပြီး အယ်ဘတ်တာပြည်နယ် ဆန်ဒရီနယ်မြေသည် တောမီးလောင်ကျွမ်းမှုနှုန်း အမြင့်မားဆုံးသောနယ်မြေဖြစ်ကြောင်း သိရသည်။

"အယ်ဘတ်တာပြည်နယ်မှာ စိုထိုင်းဆတွေ နည်းပါးနေပြီးတော့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုနဲ့ ရင်ဆိုင်နေရတယ်။ ဒီနှစ်အတွင်း အပူချိန်မြင့်တက်မှုဟာ စံချိန်တင်ပမာဏပဲဖြစ်ပါတယ်။ ခန့်မှန်းချက်တွေအရ ဧပြီလကနေစတင်ပြီးတော့ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းတဲ့ရာသီကို ပုံမှန်ထက်ဆောလျင်စွာရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ တောမီးအန္တရာယ်ကို ရင်ဆိုင်ရတော့မှာ ဖြစ်တဲ့အတွက် ဆန်ဒရီမီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ တောမီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားလာရင်လဲ ချက်ချင်းဖြေရှင်းပေးနိုင်ရေးအတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတာပဲဖြစ်တယ်။ တောမီးလောင်ကျွမ်းတဲ့ရာသီမှာ ဒေသခံတွေရဲ့ အသက်အိုးအိမ်တွေကို အဓိကကာကွယ်ပေးသွားနိုင်အောင် ပြင်ဆင်နေတယ်။ နေအိမ်တွေဆီ တောမီးကူးစက်မလာအောင်ဘဲ အဓိကစီစဉ်သွားမှာဖြစ်ပါတယ်။ ဒေသခံတွေ ဘေးကင်းလုံခြုံဖို့က အရေးကြီးဆုံးဖြစ်ပါတယ်"ဟု ဆန်ဒရီနယ်မြေမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။




**Ref : Sputnik News**
**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံ ဒီရာဂါဇီခန်းမြို့တွင် မိုးသက်လေပြင်းနှင့် မိုးသီးမုန်တိုင်းကျရောက်မှုကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့

**အစ္စလာမ်မာဘတ် မတ် ၃၁**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် ဒီရာဂါဇီခန်းမြို့တွင် မတ် ၃၀ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့ပြီး မိုးသီးမုန်တိုင်းလည်း ကျရောက်မှုကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ကြောင်း ပါကစ္စတန် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသီးမုန်တိုင်းကြောင့် ပျက်စီးခဲ့သော စိုက်ခင်းပိုင်ရှင် တောင်သူများက ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းထံသို့ အကူအညီတောင်းခံမှု ပြုလုပ်ထားကြောင်း၊ မိုးသက်လေပြင်း ကျရောက်မှုကြောင့် နေအိမ်တချို့လည်းပျက်စီးသွားခဲ့ပြီး ဒေသခံတချို့ကို ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရာချပေးထားရကြောင်း သိရသည်။

"ဒီရာဂါဇီခန်းမြို့မှာ မိုးသက်လေပြင်းကျရောက်ပြီး မိုးသီးမုန်တိုင်းတွေလဲ ကျရောက်ခဲ့ပါတယ်။ မိုးသီးမုန်တိုင်းကြောင့် ကုလားပဲစိုက်ခင်းတွေနဲ့ ဂျုံစိုက်ခင်းတွေ တော်တော်များများ ပျက်စီးသွားခဲ့တယ်။ စိုက်ခင်းဧကပေါင်း ၄၀၀၀၀ ကျော်ထိ ပျက်စီးသွားခဲ့တယ်။ ရိတ်သိမ်းခါနီးမှ အခုလိုအခြေအနေမျိုးနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် တောင်သူတွေလဲ တော်တော်လေးဒုက္ခရောက်ခဲ့တယ်။ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုတွေလဲဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့်လဲ ဒေသခံကလေးငယ်နှစ်ယောက် ရေစီးနဲ့အတူ မျောပါသွားခဲ့ပြီးတော့ ၂၄ နာရီအတွင်း ကမ်းစပ်မှာတင်နေတဲ့ ရုပ်အလောင်းတွေကိုသာ ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်"ဟု ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

မိုးသက်လေပြင်းကျရောက်ကာ မြစ်ရေလျှံတက်မှုများလည်းဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုလည်းဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံကလေးငယ်နှစ်ဦး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ် တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝိုင်ယာရှော့ဖြစ်ခြင်း။

- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓာတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။





# သတ္တိရှိတဲ့ ယောက်ျား

ညွန့်ဝင်း (နတ်တလင်း)

(၁)

ကိုဝင်းညွန့်နဲ့ ကျွန်မ သီသီက နတ်တလင်းမြို့မြို့မ အလယ်တန်းကျောင်းမှာ စတွေ့ခဲ့ကြတာပါ။ မူလတန်းမှာ စတွေ့ပြီး သူငယ်ချင်းတွေဖြစ်ခဲ့တာတော့ မဟုတ်ဘူး။ ၁၉၈၀ ပြည့်နှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ ကျွန်မအဖေက ရဲဝန်ထမ်းမို့ နတ်တလင်း ရဲစခန်းဝင်းမှာနေပြီး အိမ်နဲ့နီးတဲ့မြို့မကျောင်းကို ကျွန်မတက်တယ်။ ကိုဝင်းညွန့်က ရွာကျောင်းက လေးတန်းအောင်ပြီး မြို့မအလယ်တန်းကျောင်းကို လာတက်ရင်း ဆုံကြပြီး ခင်မင်သွားကြတာ။ အဲဒီတုန်းက ငါးတန်း၊ခြောက်တန်း အရွယ် အပျို၊ လူပျိုဝင်စ အရွယ်တွေပေါ့ရှင်။

ကိုဝင်းညွန့်ဟာ လူပျို အရွယ်ရောက်စဆိုပေမဲ့ မြို့မှာနေတဲ့ ကျွန်မလို ရှိုးမထုတ်တတ်သေးဘူး။ ပြောရရင် လူပျို မလုပ်တတ်သေးဘူး။ သူ့စတိုင်က ရိုးရိုးအေးအေးနေတတ်ပြီး စကားကိုလိုမှပြောတတ်သူလေ။ ကျွန်မကတော့ ရှိုးစမိုးထုတ်ပြီး အပျိုကြီးစတိုင် ဖမ်းနေပြီပေါ့။

ကိုဝင်းညွန့်ရဲ့ အရပ်က ၅ပေ ၃ လက်မလောက်ပဲရှိတယ်။ ယောက်ျားလေးပီပီ အရပ်ထောင်ထောင် မောင်းမောင်းကြီးမဟုတ်ပေမဲ့ အရပ်ပုလွန်းတဲ့ အထဲတော့ မပါပါဘူး။ အသားညိုညိုနဲ့ ဆံပင်ကို ခေါင်းတုံးဆံတောက်ထားတယ်။ ပုဆိုးကို ခပ်တိုတိုဝတ်တတ်ပြီး လွယ်အိတ်ကို စလွယ်သိုင်းလွယ်၊ ထီးချိတ်ကောက်ရှည်ကြီးကို လက်မှာ အမြဲတမ်းချိတ်ထားတာ၊ သူကလဲ သူ့စတိုင်နဲ့သူပါ။

သူလမ်းလျှောက်ရင် ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်တတ်တာမို့ သူ့ကိုမီအောင် ကျွန်မ အတော်လိုက်ရပါတယ်။ ကျွန်မက ရဲစခန်းဝင်းအိမ်ကနေ အရင်တုန်းက န္တားပွဲလမ်းလို့ခေါ်တဲ့ အခုပညာ့ဂုဏ်ရည်လမ်းက ထွက်လာပြီး တာပွန်လမ်းမှာ ဆုံကြတယ်။

ကျွန်မတို့ ခုနစ်တန်းနှစ် ဆရာမ ဒေါ်သန်းမြင့်ရဲ့ အတန်းမှာ နေချိန်မှာတော့ အရွယ်ရောက်သူတို့ရဲ့ချစ်သွေးကြွတဲ့အချိန်မှာပေါ့။ ကျွန်မရဲ့စိတ်တွေကလဲ သစ်ရွက်ကလေးတွေလို လေတိုက်တိုင်း လှုပ်ရှားနေတယ်။ ဒါပေမဲ့ တောသားလူရိုးကြီး ကိုဝင်းညွန့်ဘက်ကတော့ ထူးထူးခြားခြား ပြောင်းလဲမှုမရှိခဲ့ပါဘူး။ သူ့စိတ်ထဲမှာ ဘယ်လိုရှိမယ်ဆိုတာတော့ ကျွန်မ မခန့်မှန်းတတ်ဘူးလေ။ သူ့အမူအရာက ခပ်တည်တည်နဲ့ ကျွန်မအပေါ်မှာ ဘယ်လိုသဘောထားလေမလဲ မသိ။ သေချာတာက ကျွန်မက သူ့အပေါ် စိတ်ဝင်စားနေပြီဆိုတာပါပဲ။

သူ့ဘက်က ဘာမှမလှုပ်ရှားတော့ ကျွန်မဘက်က လှုပ်ရတာပေါ့။ မြင်းက မလှုပ်၊ ခုံက လှုပ်တယ်ပဲပြောပြော၊ ကျွန်မ သူ့ကို ရေလာမြောင်းပေးစကားတွေ ပြောရတယ်။

“ကိုဝင်းညွန့်ရည်းစားထားရင် ဘယ်လို မိန်းကလေးမျိုးကို ထားမှာလဲ။ အခု ရည်းစားရော ရနေပြီလား။ သီသီကတော့ ရည်းစားမထားဖူးသေးဘူး” ဆိုတဲ့ စကားမျိုးတွေပေါ့။

သူ့ဘက်က သစ်ငုတ်ကြီးလို ငြိမ်နေပေမဲ့ ကျွန်မဘက်က ခဏခဏ နှဲ့ပါများတော့ ကိုဝင်းညွန့်သစ်ငုတ်ကြီးလဲ နှဲ့လာပါတယ်။ သိတယ် မဟုတ်လား။ ကျွန်မဘက်က ငွတ်နဲ့လွန်းတော့ သစ်ငုတ်ကြီးလဲ နှဲ့ရုံတင်မက ကျွန်မဘက်ကို လုံးဝယိုင်လာပါတော့တယ်။ ကျွန်မနဲ့ ကိုဝင်းညွန့် ချစ်သူတွေဖြစ်ခဲ့ကြပြီလေ။

သူက ဆင်းဆင်းရဲရဲနဲ့ ရွာကနေ ကျောင်းတက်ရတဲ့ လယ်သမားသား။ ကျွန်မက အဖေ အရာရှိ၊ ပစ္စည်းရှိတဲ့ ဘိုးဘွားတွေအရှိန်နဲ့ ကြွကြွရွရွလှလှပပနေထိုင်ရတဲ့ ရွှေမင်းသမီး။ ဒါကြောင့် သူ့ကို ကျွန်မ ဘောပင်၊ စာအုပ်စာတမ်းအပြင် ကျောင်းစိမ်းပုဆိုး၊ အင်္ကျီအဖြူကောင်းကောင်းလေးတွေ ဝယ်ပြီး လက်ဆောင်ပေးရတယ်။ သူများတွေသိရင်တော့ မိန်းကလေးဘက်က ကလေးမုန့်ပေး ကြိုက်ရသလိုကြီးမို့ ရှက်ဖို့တော့ အကောင်းသား။ ဒါပေမဲ့ ကြိုက်မရှက် ငိုက်မရှက် ဆိုသလို ကိုယ်က နှစ်သက်နေတော့လဲ သူ့ရဲ့လိုအပ်ချက်ကလေးတွေ ဖြည့်ဆည်းပေးရပါတယ်။

(၂)

ကျွန်မရဲ့ ဆွဲဆောင်မှုနဲ့ သစ်ငုတ်ကြီးကိုဝင်းညွန့်နဲ့ ကျွန်မ လူမသိတသိအနေအထားနဲ့ အများအမြင်မှာသူငယ်ချင်းလို ချစ်ခဲ့ကြတယ်။ ကျွန်မက ပွင့်လင်းလှုပ်ရှားသွက်လက်ပေမဲ့ သူ့ဘက်ကတော့ ကြာနြေရ ရချစ်တဲ့ အချစ်မျိုး။ ကျွန်မကို အများရှေ့မှာ အလျှုရှင်မှန်းသိအောင် မကြာပ်တိုင်တက်ပြတာမျိုးလဲ မလုပ်ခဲ့ဘူး။ ဒါပေမဲ့တည်ငြိမ်လေးနက်တဲ့အချစ်မျိုးနဲ့ကျွန်မအပေါ် ချစ်လိမ့်မယ်၊ လူကြီးဆန်တယ်လို့ ကျွန်မဘက်က ယူဆထားခဲ့တယ်။

မှတ်မိပါတယ်။ ကျွန်မတို့ ကျောင်းတက်တုန်းက ကျောင်းသားကျောင်းသူတွေ ကောက်စိုက်လုပ်အားပေးကြရတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသား၊ ကျောင်းသူတွေက နတ်တလင်း အရှေ့ဘက် တံခွန်တိုင်ရွာလယ်ကွင်းမှာ စံပြစိုက်ကွက်တွေကို ကြိုးတန်းနဲ့ ကောက်ပင်စိုက် လုပ်အားပေးရတယ်။ သူက သူငယ်ချင်းတွေနဲ့အတူ ကျွန်မအနားမှာ ကောက်ပင်တွေလာစိုက်တယ်လေ။ သူနဲ့ကျွန်မ ကောက်ပင်တစ်ပင်ကို နှစ်ယောက်ကိုင်ပြီး အချစ်တွေ ရှင်သန်ဖူးပွင့်ပြီး အချစ်နွယ်ပွား အသီးတွေ သီးပါစေလို့ စိတ်ထဲက ဆုတောင်းစိုက်ခဲ့ကြတယ်။ ယုယု၊ နီလာ၊ ဟန်ဆွေ၊ မြတ်မိုးတို့ သူငယ်ချင်းအဖွဲ့တွေက ပြောင်းဖူးဖုတ်တွေ လာကျွေးကြတယ်။ မြတ်မိုးကတောင် ပြောသေးတယ်။

“သီသီရေ။ ဝင်းညွန့်က နင်ပေးတဲ့ဟာဆို မည်းမည်း တူးတူး စားမှာ”တဲ့။ ဘာလဲဟဲ့ ဆိုတော့-

“ပြောင်းဖူးဖုတ်ကို ပြောတာပါ” တဲ့။ နင်ဘာကို ထင်လို့လဲဆိုပြီး ရယ်မောကြပါတယ်။ တဒင်္ဂအတွင်းမှာ အားလုံးကို အပျော်တွေ ကူးစက်သွားခဲ့ကြတယ်။

(၃)

၁၉၈၆ ခုနှစ်မှာ ကျွန်မကော သူပါ ဆယ်တန်းအောင်ခဲ့ကြတယ်။ ကျွန်မက စီးပွားရေးတက္ကသိုလ် တက်ခွင့်ရပါတယ်။ သူက အမှတ်နည်းလို့ ပြည်ကောလိပ်မှာ ပထဝီဝင်မေဂျာနဲ့ ကျောင်းဆက်တက်တယ်။ ရန်ကုန်မှာ သူနဲ့အတူတူတက်ရအောင် ပြည်ကနေ ရန်ကုန် အပြောင်းတင်ပါလားဆိုတော့ မဖြစ်ပါဘူးတဲ့။ ရန်ကုန်ဆိုရင် အကုန်အကျများမှာမို့ သူ့မိဘအခြေအနေငဲ့ပြီး ပြည်မှာပဲ တက်ရင်း အလျဉ်းမသင့်ရင် သူ အလုပ်ထွက်လုပ်သင့်ရင်လုပ်ရမှာလို့ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် သူနဲ့ကျွန်မ၊ ပြည်နဲ့ ရန်ကုန် အဆက်အသွယ်မပြတ်ခဲ့ပါဘူး။

တစ်နေ့မှာတော့ သူနဲ့ကျွန်မ ချစ်ကြိုက်နေတာ အိမ်က သိသွားပါတယ်။ တက္ကသိုလ်ကျောင်းသားနဲ့ တက္ကသိုလ်ကျောင်းသူချစ်ကြိုက်တာ ဘာမှမဆန်းပေမဲ့ သူဆင်းရဲတာ ကျွန်မမိဘတွေ သိတယ်လေ။ သိတော့ ထုံးစံအတိုင်း ဆင်းရဲတဲ့သူနဲ့ ပြည့်စုံတဲ့ အသိုင်းအဝိုင်းက ကျွန်မကို မိဘတွေက သဘောမတူခဲ့ကြဘူး။ ဒါပေမဲ့ ကျွန်မဘက်ကတော့ ပြတ်ပြတ်သားသားပါပဲ ကျောင်းပြီးအောင် ဆက်တက်ကြမယ်။ ပြီးရင် လက်ထပ်ကြမယ်ပေါ့။

ကျွန်မတို့ကို စိတ်မချတဲ့ မိဘတွေက ကျွန်မတို့ ကျောင်းပြီးတဲ့အချိန်ထိ မစောင့်တော့ပါဘူး။ ကျွန်မကို မိဘတွေ သဘောတူတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးသားနဲ့ လက်ထပ်ပေးဖို့ စီမံပါတယ်။ ကျွန်မကလဲ မိဘစီမံတာ လက်မခံနိုင်ကြောင်းငြင်းပြီး ကိုဝင်းညွန့်နဲ့ ဆက်သွယ်ညှိနှိုင်းပြီး လုပ်သင့်တာ အမြန်ဆုံးလုပ်ဖို့ စီစဉ်ရတယ်။

ကျွန်မ သူနဲ့တွေ့ပြီး အခြေအနေအရပ်ရပ်ကို ပြောပြဆွေးနွေးတယ်။ ကျွန်မတို့နှစ်ယောက် ခိုးပြေးပြီး တစ်အိုးတစ်အိမ် ထူထောင်မယ်။ နှစ်ယောက်စလုံး ကျောင်းပြီးအောင် ဆက်ကြိုးစားတက်မယ်ပေါ့။ ဒါပေမဲ့ သူ့ဘက်က ပြောလာတာက အခုအချိန်မှာ လက်ထပ်ဖို့ မဖြစ်နိုင်သေးကြောင်း၊ သူ့မိဘကို ပြန်ငဲ့ရမှာနဲ့ ကျွန်မကို ဆင်းရဲမှာစိုးရိမ်ကြောင်းတွေပဲ ဖြစ်ပါတယ်။ စကားနည်းတဲ့သူက ဒီအချိန်မှာတော့ ပြတ်ပြတ်သားသားပြောလာလို့ အံ့ဩရသလို ခံပြင်းဒေါသလဲ ဖြစ်မိပါတယ်။ ဒါကြောင့် -

“ရတယ် ကိုဝင်းညွန့်။ ရှင်က ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းကလေးဖြစ်တဲ့ ကျွန်မလောက်တောင် သတ္တိမရှိဘူး။ ရှင့်ကို ချစ်မိ၊ ယုံစားမိတာ ကျွန်မ နောင်တရတယ်။ အခုချိန်ကစပြီး ကျွန်မရှင့်ကို မေ့လိုက်ပြီ။ ဒီတစ်သက် ရှင်နဲ့ ကျွန်မ ဘယ်တော့မှ ပြန်မဆုံနိုင်ဘူးမှတ်ပါ ” လို့ပြောပြီး ကျွန်မ ချာခနဲလှည့်ထွက်ခဲ့ပါတယ်။

သူ့မျက်နှာမှာ မျက်ရည်စဆိုတာ ရှိ၊ မရှိ မသိရပေမဲ့ နာကြည်းခံပြင်းစိတ်နဲ့ လှည့်ထွက်ခဲ့တဲ့ ကျွန်မမျက်ဝန်းမှာတော့ မျက်ရည်စတွေ ခိုတွဲနေခဲ့ပါတယ်။

(၄)

မိဘတွေပေးစားသူနဲ့ ကျွန်မ လက်ထပ်ခဲ့ရတယ်။ ကျွန်မတို့မင်္ဂလာပွဲကို သူများ ရောက်လာလေမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ စိတ်နာတဲ့ကြားက စောင့်မျှော်မိသေးတယ်။ သူ့ကို ရွဲ့ချင်လို့လား၊ မင်္ဂလာပွဲကို လာစေချင်တာလားတောင် ကျွန်မကိုယ့်ကိုယ်ကိုယ် မသဲကွဲတော့ပါ။ သူ့ဆီကို ကျွန်မတို့ မင်္ဂလာပွဲဖိတ်စာ မရောက်ရောက်အောင် ပို့ခဲ့ပါတယ်။ သူကတော့ ရောက်မလာခဲ့တော့ပါဘူး။ နောက်မှ သိရတာက သူ့မိဘ အခြေအနေအရကော၊ ကျွန်မတို့ အခြေအနေအရကော ဖြစ်မယ်ထင်ပါတယ်။ ကျွန်မတို့ မင်္ဂလာဆောင်ချိန်မှာ သူတပ်မတော်ထဲဝင်သွားပြီဆိုတာပါပဲ။

အခုဆိုရင် ကျွန်မအိမ်ထောင်ကျတာ ၁၀ နှစ်ရှိပြီ။ သားတစ်ယောက်၊ သမီးတစ်ယောက်တောင်ထွန်းကားခဲ့ပြီ။ သူ ကျွန်မကို နာကြည်းသွားလားမသိပေမဲ့ ကျွန်မကတော့ သူ့အပေါ် နာကြည်းတယ်ပဲဆိုဆို လုံးဝတော့ မေ့မရခဲ့ပါဘူး။

ကျွန်မပြန်တွေးကြည့်ရင် ရယ်စရာတော့အကောင်းသား။ မိန်းမတစ်ယောက်ကိုတောင် သတ္တိရှိရှိ မချစ်ရဲတဲ့သူက စစ်ထဲဝင်ခဲ့တယ်ဆိုတော့ ဘယ်လိုသတ္တိနဲ့များ ဝင်ခဲ့တယ်ဆိုတာ သိချင်စမ်းပါဘိ။ တော်တော်လဲ ဖြစ်မြောက်မဲ့ စစ်သားကြီးလို့ ကျွန်မ သရော်တွေးနဲ့ စိတ်ထဲမှာ ပြောခဲ့ပါတယ်။

တစ်နှစ် နတ်တလင်းတန်ဆောင်တိုင်ရက် တန်ဆောင်မုန်းလပြည့်နေ့မှာ အခြေခံပညာအထက်တန်းကျောင်း နတ်တလင်း ဆရာကန်တော့ပွဲကို သူရောက်လာတယ်လို့ ပြောကြတယ်။ ကျွန်မနဲ့ ရေစက်မရှိတော့တာလား၊ ကံကြမ္မာက မဆုံစေတာလား မသိပါ။ အဲဒီနှစ် ဆရာကန်တော့ပွဲကို ရန်ကုန်မှာအခြေချနေပြီဖြစ်တဲ့ ကျွန်မ မလာဖြစ်ခဲ့ဘူးလေ။

ကျွန်မပဲ အိမ်ထောင်ရေးကံမကောင်းတာလို့ဆိုရမလား။ ကျွန်မအိမ်ထောင်သက် ၁၁ နှစ်မှာ ကျွန်မခင်ပွန်းဆုံးသွားခဲ့တယ်။ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့ပြီး ကျွန်မတစ်ယောက်ထဲ ရုန်းကန်ခဲ့ရတယ်။

နတ်တလင်းတန်ဆောင်တိုင်ရက်ဆို သူ တပ်နားတာနဲ့ကြုံရင် နှစ်တိုင်းပြန်တယ်လို့ ကြားသိရတယ်။ ကျွန်မလဲ နတ်တလင်းက ဆွေမျိုးတွေဆီ သွားဖြစ်တဲ့နှစ်များပါတယ်။ ဒါပေမဲ့ သူနဲ့ မဆုံမိလိုက်တာချည်း ဖြစ်နေတယ်။ ဒီနှစ်တော့ နတ်တလင်း သကျမဟာ မြတ်မုနိဘုရားကြီးမှာ တန်ဆောင်တိုင်ရက် သူရှိမယ်လို့ သတင်းရတယ်။ ကျွန်မကြိုတင်ကြံစည်တာမဟုတ်ပေမဲ့ သူလာတတ်တဲ့နေရာလေးတွေက စောင့်မျှော်မိပါတယ်။ တကယ်လဲ သူရောက်လာပါတယ်။ ဒါပေမဲ့ သူ ကျွန်မကို မမြင်သလို ကျွန်မလဲ သူ့ကို သွားနှုတ်ဆက်ဖို့ နှေးကန်နေခဲ့တယ်။

ဩော်. . . တစ်ချိန်က ချစ်ခဲ့ရပေမဲ့ သတ္တိမရှိတဲ့ ယောက်ျားရယ်ပါလေဆိုတဲ့ အတွေးကတော့ ဖျောက်ဖျက်မရခဲ့ဘူး။

စာမျက်နှာ ၂၅သို့ ➤

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၇၀၃၇ ကေထိ ရိတ်သိမ်းပြီးစီး



**ကျုံပျော် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၇၀၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၇၈၄၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ၇၀၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ကေလျှင် ပြောင်းဖူး ၂၈၈၄၁ ဖူး ထွက်ရှိကြောင်း၊ ထိုသို့ အခက်အခဲမရှိရိတ်သိမ်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ အခုစိုက်ပျိုးထားတဲ့ ဖူးစားပြောင်း ၇၈၄၈ ကေထဲက ၇၀၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေး ဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဖူးစားပြောင်းတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ ပြောင်းများ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် ဖာချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဖာချယ်ကျေးရွာအုပ်စု ဖာချယ်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် တာဝန်ရှိသူများက ဖာချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖာချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၈ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရှိုသန်းညွန့်**



## ပြည့်ဂုဏ်ရောင်

\- စနစ်ညီ ကောင်းမှုနဲ့
ပေါင်းစုကွဲ့ တွေးရှုမျှော်၊
တိုင်းနိုင်ငံ ပြည့်အကျိုး
သယ်ပိုးရှင်ပျော်၊
မိသားစု မိတ်ဆွေဖော်
စိတ်တွေနော် ဖြူရှင်းသန့်၊
သည်ရေမြေ အလှစစ်ရယ်
ထွန်းသစ်တည်တံ့။

\- တောင်တန်းပေါ် ခြေဆန့်လို့
မြေပြန့်သို့ လာအဆွေ၊
ပြည့်ဂုဏ်ရောင် ဆောင်အလင်း
အောင်ခြင်းသာမြေ၊
မိသားစု ချစ်ခြင်းတွေ
ရစ်တင်းနေ ဂုဏ်ဖော်ညွှန်း၊
သာစွမြေ ကောင်းစရိုက်ရယ်နှင့်
အသိုက်အဝန်း။

\- နိမိတ်ဆောင် ဇမ္ဗူကျွန်း
ဖြစ်ထွန်းခဲ့ ပြည်တော်သာ၊
တိုင်းနိုင်ငံ ဝန်ထမ်းရှက်
လှမ်းတက်ချီရာ၊
အမျိုးဇာတိ အားမာန်ပါ
ပွားလျှံကာ အေးရိပ်လောင်း၊
သည်ရေမြေ အလှဆင့်ဖို့
တင်မြှင့်လမ်းကြောင်း။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# မြင်းခြံမြို့နယ် သမုန်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြင်းခြံ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျော်ဘွယ်ကျေးရွာအုပ်စု သမုန်းကိုင်းကျေးရွာတွင် စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သမုန်းကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

(၇)

ကျွန်မနဲ့ သူနဲ့ ငယ်ငယ်က ကောက်စိုက်ခဲ့တဲ့ တံခွန်တိုင် ရွာလယ်ကွင်းကြီးမှာ နွေကော၊ မိုးကော ကောက်ပင်တွေစိမ်းမြနေတာ၊ ရွှေရောင်စပါးနှံတွေ ရင့်မှည့်နေတာ နှစ်စဉ်သွားတိုင်း တွေ့နေရတယ်။

ကျွန်မနဲ့ သူရဲ့အချစ်ကကော နွေမိုးမရွေး ပြန်လည်ရှင်သန်နိုင်ခွင့်ရှိပါ့မလား။ ကျွန်မဘဝက ကလေးနှစ်ယောက်အမေ မုဆိုးမဘဝနဲ့ ဘဝကို ဆက်လက်ရှင်သန်နေရတယ်လေ။

တစ်ခါတစ်ခါ ရှေးဟောင်းနှောင်းဖြစ်တွေတွေးပြီး သား၊သမီးတွေကိုလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အချစ်သစ်ပင်မစိုက်မိဖို့ ပြောချင်ပါတယ်။ နောင်တဆိုတာ ပြင်မရတဲ့နောင်တနဲ့ ပြင်လို့ရတဲ့နောင်တဆိုပြီး ရှိနေရင် အချို့အဖြစ်တွေကို ကျွန်မပြန်ပြင်ချင်မိတယ်။

ရာသီစက်ဝန်းကတော့ အမြဲတမ်းလည်ပတ်နေပြီး အခုဆိုရင် နွေဂိမှာန်စက်ဝန်းရဲ့အစ မတ်လကိုတောင် ရောက်လာခဲ့ပြန်ပြီ။ ဘာလိုလိုနဲ့ တပ်မတော်နေ့တောင် ရောက်ခဲ့ပြန်ပြီ။ ထူးခြားအံ့ဩစရာ သတင်းကြားရတာက ရေဒီယိုနဲ့ ရုပ်မြင်သံကြား ကြေညာချက်မှာ ကျွန်မငယ်ချစ်ရဲ့နာမည်ကြားလိုက်ရတာပါပဲ။

နောက်နေ့ သတင်းစာတွေလာတော့ ကျွန်မသေချာကြည့်မိတယ်။ ဟုတ်ပါတယ်။ ဗိုလ်ကြီးဝင်းညွန့်အား တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့ သူရဘွဲ့တံဆိပ်ချီးမြှင့်သည်တဲ့။ ကျွန်မချစ်ခဲ့တဲ့သူပါလား။ ဆုချီးမြှင့်ခံရတယ်တဲ့။ ဟုတ်မှဟုတ်ပါ့မလားလို့ ဇဝေဇဝါဖြစ်နေပေမဲ့ တကယ်အတိအလင်း တွေ့နေ၊ ကြားနေရပြီလေ။

ဩော်. . . ကျွန်မကို ခိုးယူလက်ထပ်ဖို့ ပြောခဲ့တုန်းက သတ္တိမရှိဘဲ ကျွေ့ဝိုက်ရှောင်လွှဲခဲ့တဲ့ ယောကျ်ား၊ ကျွန်မချစ်ခဲ့ရသူက နိုင်ငံနဲ့ လူမျိုးအတွက် သက်စွန့်ဆံဖျား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့လို့ သတ္တိရှိတဲ့ယောကျ်ားအဖြစ် သူရဘွဲ့တံဆိပ်ချီးမြှင့်ခံရတာ ဂုဏ်ယူမိပါတယ်။ တစ်ဆက်တည်းမှာပဲ ကလေးနှစ်ယောက်ရဲ့ မိခင်ဘဝရောက်နေပြီဖြစ်တဲ့ ကျွန်မ သား၊ သမီးတွေရဲ့ အနာဂတ်ကို ကြိုတင်မျှော်လင့်ရင်း ကျွန်မချစ်ခဲ့တဲ့သူအပေါ် ခွင့်လွှတ်ခြင်းနဲ့အတူ ဂုဏ်ယူနေမိပါတယ်။

# ရာသီဥတုကောင်းမွန်ရေး အားလုံးအလေးထားဆောင်ရွက်ပေး

နုခန့်ယဉ်(ရစ်ကန်ကြီး)

ဤကမ္ဘာမြေပေါ်တွင် လူသားအဖြစ် ရပ်တည်ကတည်းက နေ၊ လေ၊ မြေ၊ ရေ၊ သဘာဝပေါက်ပင်ဟူသော သဘာဝ၏အခမဲ့လက်ဆောင်များဖြင့် ထိတွေ့ကြရသည်။ လူသားနှင့် သဘာဝသည် ဆက်နွယ်မှုကြီးမားသည့်အလျောက် လူသားတို့သည် မိမိတို့၏ သဘာဝပတ်ဝန်းကျင် အနေအထားပြောင်းလဲမှုများကို သိရှိရန် လေ့လာထားကြရမည်။ သဘာဝတရားနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ကြရမည်။ လူသားတို့၏ အသက်ရှင်နေထိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ အိုးအိမ်တည်ဆောက်နေထိုင်ခြင်းတို့သည် သဘာဝတရား၏ ပြောင်းလဲမှု အခြေအနေအရ ပြုပြင်နေထိုင်ကြရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူသားတို့သက်တမ်းရှည်ကြာစွာဖြင့် ဘေးကင်းစွာ နေထိုင်နိုင်ရေးအတွက် သဘာဝတရား၏ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသောရာသီဥတုကို သိရှိနားလည်ပြီး ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ရန်လိုအပ်ပါသည်။

**ရာသီဥတု**

တစ်နှစ်တာရာသီအတွင်း၌ မတ်လမှမေလထိ နွေဥတု၊ ဇွန်လမှအောက်တိုဘာလထိ မိုးဥတု၊ နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိ ဆောင်းဥတုဟူ၍ သတ်မှတ်ထားကြသည်။ ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်တွင် ၂၃ ဒသမ ၅ ဒီဂရီတိမ်းစောင်း၍ လည်ပတ်နေသောကြောင့် ရာသီဥတုများဖြစ်ပေါ်လာရသည်ကို သိပ္ပံပညာရှင်များက လေ့လာသိရှိခဲ့ပြီးဖြစ်သည်။ ရာသီဥတုသည် အချိန်ကာလတစ်ခုကြာသောအခါ လေထုအခြေအနေ ပျမ်းမျှပြောင်းလဲမှုကို ရည်ညွှန်းခြင်းဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှု**

ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ ရာစုနှစ်များမှ နှစ်သန်းပေါင်းများစွာ အချိန်ကာလအတွင်း ပြောင်းလဲလာသည့် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားသတ်မှတ်မှုများ ပြောင်းလဲခြင်းဖြစ်သည်။ ပျမ်းမျှရာသီဥတု ပြောင်းလဲခြင်း သို့မဟုတ် ရာသီဥတုအဖြစ်အပျက် ကိန်းဂဏန်းများ ပျမ်းမျှအားဖြင့် (ဥပမာ- ဆိုးရွားသော ရာသီဥတုအဖြစ်အပျက်များ များလာခြင်း သို့မဟုတ် နည်းသွားခြင်း) ပြောင်းလဲခြင်းတို့ဖြစ်နိုင်သည်။ ရာသီဥတုပြောင်းလဲခြင်းမှာ တိကျသောဒေသတစ်ခုအတွင်းသာ ပြောင်းလဲခြင်းဖြစ်နိုင်သကဲ့သို့ ကမ္ဘာမြေတစ်လွှားအနှံ့အပြားလည်း ဖြစ်ပေါ်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ လူသားတို့၏လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်ရသည်ဟု တစ်ခါတစ်ရံ ရည်ညွှန်းလေ့ရှိသည်။ ဥပမာ- ရာသီဥတုပြောင်းလဲခြင်းကို "နှိုင်းယှဉ်နိုင်သော အချိန်ကာလအတွင်း သဘာဝအရ ရာသီဥတုပြောင်းလဲခြင်းများအပြင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး လူသားလုပ်ဆောင်မှုကြောင့် ကမ္ဘာ့လေထုတွင်ပါဝင်မှု ပြောင်းလဲခြင်းယူဆချက်"ဟု ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ၏ သဘောတူညီမှု ကန့်သတ်ချက်မှ သတ်မှတ်ပါသည်။ ယခုအချိန်ကာလအရ ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာကြီးပူနွေးလာခြင်းနှင့်အနက်အဓိပ္ပာယ်တူသည်။ ကမ္ဘာကြီးပူနွေးလာခြင်း သို့မဟုတ် လူသားများလုပ်ဆောင်မှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း (AGW) ဟု ယေဘုယျအားဖြင့် လူသိများသည်။

ဝင်ရိုးစွန်းနှင့် အပူပိုင်းဒေသရှိ အပူချိန်ခြားနားချက်များသည် ကြီးမားသောလေထုလည်ပတ်မှုကို ဖြစ်ပွားစေသည်။ ကမ္ဘာမြေသည် တိမ်းစောင်းနေသောကြောင့် နေရောင်ခြည်ကျရောက်မှုသည် မတူညီသောဒေသများတွင် ကွဲပြားစွာကျရောက်လျက်ရှိရာ အပူချိန်သက်ရောက်မှုမှာလည်း ကွဲပြားကြသည်။ ကမ္ဘာ့မျက်နှာပြင်တွင် တစ်နှစ်တာအတွင်း အပူချိန်ပြောင်းလဲမှုမှာပျမ်းမျှအားဖြင့် ±40 °C (- 40 °F မှ 104 °F) ရှိသည်။ နှစ်ထောင်ပေါင်းများစွာကြာသော် ကမ္ဘာပတ်လမ်းကြောင်း၏ ပြောင်းလဲမှုသည် ကမ္ဘာမြေရှိ နေရောင်ခြည်စွမ်းအင်ဖြန့်ဖြူးမှုကို သက်ရောက်နိုင်ပြီး ရေရှည်ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေသည်။

ရာသီဥတုပုံစံပြောင်းစေသော အချက်များမှာ ရာသီဥတုတွန်းအားများဖြစ်သည်။ ၎င်းအချက်များမှာ နေရောင်ခြည်ဖြာမှု ပြောင်းလဲခြင်း၊ ကမ္ဘာ့ပြိုဟ်ပတ်လမ်းပြောင်းလဲခြင်း၊ တောင်များတည်ဆောက်ခြင်းနှင့် ကမ္ဘာ့ကုန်းမြေထုတဖြည်းဖြည်းရွေ့လျားခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ပြင်းအားပြောင်းလဲခြင်းစသည့်ဖြစ်စဉ်များပါဝင်သည်။ ရာသီဥတုဆိုသည်မှာ နှစ်ပေါင်းများစွာဖြစ်နေကျ သဘာဝတရားတစ်ခုပင်ဖြစ်သည်။ သို့သော်လည်း သာမန်ရာသီဥတုမှ ဆိုးရွားသော ပြောင်းလဲမှုများပေါ်ပေါက်လာခဲ့သည်။

❖ လူသားတို့၏ နေ့စဉ်ဘဝနေထိုင်မှုထဲမှ သေးငယ်သည့်ပြောင်းလဲမှုလေးများကလည်း ရာသီဥတုပြောင်းလဲမှုအပေါ်တွင် အရေးပါသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြသည်။ ထိုသို့ ပြောင်းလဲရာတွင် လေယာဉ်ခရီးစဉ်လျှော့ချခြင်း၊ ကားအသုံးပြုမှုလျှော့ချခြင်းနှင့် လျှပ်စစ်ကားအသုံးပြုခြင်း၊ အသားနှင့် နို့ထွက်ပစ္စည်းစားသုံးမှုလျှော့ချခြင်း၊ စွမ်းအင်သုံးစွဲမှုကို လျှော့ချခြင်း၊ လျှပ်စစ်ပစ္စည်းဝယ်ယူသည့်အခါ စွမ်းအင်သုံးစွဲမှုသက်သာသည့်ထုတ်ကုန်များကို ဝယ်ယူအသုံးပြုခြင်း၊ အိမ်တွင်းအပူပေးစနစ်အကာအရံများကို ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ဓာတ်ငွေ့အပူပေးစနစ်မှ လျှပ်စစ်အပူပေးစနစ်ကို ပြောင်းလဲအသုံးပြုခြင်းတို့ကို ဦးစားပေးပြောင်းလဲမှုပြုလုပ်ကြရမည်။ ❖

လူနေအိမ်များ၊ စက်ရုံများအတွက် အပူပေးရန် စွမ်းအင်အဖြစ် လောင်စာဆီ အသုံးပြုမှု၊ ဓာတ်ငွေ့အသုံးပြုမှု၊ ကျောက်မီးသွေး လောင်စာများ သုံးစွဲနေမှုတို့ကြောင့် လျင်မြန်သည့် ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့လာရခြင်းဖြစ်သည်။ စက်သုံးဆီများလောင်ကျွမ်းသည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်သည်။ ထိုဓာတ်ငွေ့သည် နေ၏အပူချိန်ကို သိုလှောင်နိုင်သောကြောင့် ကမ္ဘာကြီးသည် ပိုမိုပူနွေးလာရခြင်းဖြစ်သည်။ ကမ္ဘာကြီးသည် ၁၉ ရာစုနှစ်ကထက် ၁ ဒသမ ၁ ဒီဂရီ ပိုမိုပူနွေးလာပြီး လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် ၅၀ ရာခိုင်နှုန်းမြင့်တက်နေသည်။

**ရာသီဥတုဖောက်ပြန်မှုဆိုးကျိုး**

ပြင်းထန်သည့် ရာသီဥတုဖောက်ပြန်မှုများ ထပ်မံမကြုံနိုင်စေရန်အတွက် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန် လိုအပ်ကြောင်း သိပ္ပံပညာရှင်များက ထောက်ပြကြသည်။ ကမ္ဘာကြီးပူနွေးမှုကို သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်ထိ ၁ ဒသမ ၅ ဒီဂရီထိ ထိန်းထားနိုင်ရန်လိုအပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်စုံတစ်ရာမှ မလုပ်ဆောင်နိုင်ခဲ့လျှင် ကမ္ဘာကြီးပူနွေးမှုသည် အနာဂတ်တွင် ၄ ဒီဂရီထိမြင့်တက်ပြီး အပူလှိုင်းဖြတ်သန်းမှုများ၊ ပင်လယ်ရေမြင့်တက်မှုများကြောင့် လူနေထိုင်ရာ နေရာဒေသများ ဆုံးရှုံးနိုင်သကဲ့သို့ အပင်နှင့်တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမျိုးလည်း ကြုံရနိုင်ပေသည်။

ပြင်းထန်သည့် ရာသီဥတုဆိုးရွားမှုများကို ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့ခဲ့ရပြီး လူအပါအဝင် သတ္တဝါတို့၏ အသက်ရှင်နေထိုင်မှုကို ခြိမ်းခြောက်နေပေသည်။ ပူနွေးမှုများ ပိုမိုမြင့်တက်လာခဲ့လျှင် ကမ္ဘာ့နေရာတစ်စိတ်တစ်ပိုင်းသည် စိုက်ပျိုးမြေအဖြစ်မှ နေထိုင်၍ မရသောအခြေအနေ ကန္တာရကြီးအဖြစ် ပြောင်းသွားနိုင်ပေသည်။ အရှေ့အာဖရိကတွင် မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရပြီး လူပေါင်း ၂၂ သန်းသည် အစာရေစာငတ်မွတ် ခေါင်းပါးမှုကြုံတွေ့နိုင်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ သတိပေးထားသည်။ ပြင်းထန်သည့် အပူချိန်မြင့်တက်မှုသည် တောမီးလောင်ကျွမ်းမှုအန္တရာယ်ကို လက်ယပ်ခေါ်နေသကဲ့သို့ဖြစ်နေသည်။ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့တွင် စံချိန်တင်တောမီးလောင်ကျွမ်းမှုကို ခုနစ်ကြိမ်တိုင်တိုင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကြားကာလ၌ ကြုံတွေ့ခဲ့ရသည်။

အပူချိန်မြင့်တက်မှုကြောင့် ယခင်က အေးခဲနေသည့် ဆိုက်ဘေးရီးယားဒေသတွင် ရေခဲပျော်ကျမှုများ ဖြစ်ပေါ်ခဲ့ကာ ရာစုနှစ်နှင့်ချီပြီး သိုလှောင်ထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကို လေထုထဲသို့ ထုတ်လွှတ်နိုင်သောကြောင့် ရာသီဥတုဖောက်ပြန်မှုကို ပိုမိုဆိုးရွားစေပါသည်။ အချို့ဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးမှုများဖြစ်ပေါ်နေသည်။ ထိုသို့ရေကြီးမှုတို့ကို တရုတ်၊ ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူအများစုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အရင်းအမြစ်နည်းပါးသောအခြေအနေကြောင့် ရာသီဥတု ဖောက်ပြန်မှုကို ဆိုးရွားစွာကြုံရနိုင်သည်။ ရေသတ္တဝါမျိုးစိတ် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ပျောက်ကွယ်သွားနိုင်ကြောင်း အမေရိကန်သမုဒ္ဒရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ လေ့လာမှုထဲတွင်ဖော်ပြထားသည်။ အပူပိုင်းဒေသများရှိ ကုန်းတွင်းသတ္တဝါမျိုးစုံသည်လည်း အစားအစာနှင့် ရေရရှိမှုနည်းပါးလာကြောင်း လေ့လာတွေ့ရှိရသည်ဟုဖော်ပြထားသည်။

ရေခဲပြင်အရည်ပျော်ကျမှုပိုများလာလျှင် ပိုလာဝက်ဝံများပျောက်ကွယ်သွားနိုင်သည်။ ထို့ပြင် တောဆင်ရိုင်းများသည် လိုအပ်သည့်ရေလီတာ ၁၅၀ မှ ၃၀၀ ရရှိရန် ခက်ခက်ခဲခဲရှာဖွေရတော့မည်ဖြစ်သည်။ ယခုရာစုနှစ်အတွင်း၌ သတ္တဝါမျိုးစိတ်ပေါင်း ၅၅၀ ခန့် ပျောက်ကွယ်သွားနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်နေကြသည်။ အပူချိန်ပိုမိုမြင့်တက်လာခဲ့လျှင် အပူပိုင်းပင်လယ်ပြင်မှ သန္တာကျောက်တန်းများကို ပျက်စီးစေနိုင်သည်။

ရာသီဥတုဖောက်ပြန်မှုသည် သမုဒ္ဒရာထဲမှ ရေနေသတ္တဝါများကိုလည်း ခြိမ်းခြောက်နေပေသည်။ ရာသီဥတုဖောက်ပြန်မှုသည် ကမ္ဘာ့နေရာအနှံ့အပြား သက်ရောက်နိုင်သည်။ အကယ်၍ ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီမှာ မထိန်းထားနိုင်ဘဲ ပိုမိုမြင့်တက်လာလျှင် ကြုံတွေ့ရနိုင်သည့် သတိပေးချက်များကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(IPCC) က ထုတ်ပြန်ထားပြီးဖြစ်သည်။

**ရာသီဥတုကောင်းမွန်ရေး**

ရာသီဥတုပြောင်းလဲမှုအတွက် အတူတကွပူးတွဲလုပ်ဆောင်ရမည်ကို နိုင်ငံအသီးသီးက သဘောတူညီထားကြသည်။ ၂၀၁၅ ခုနှစ်က ပဲရစ်၌ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုညီလာခံတွင် ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ၌ပင်ရှိရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကတိပြုထားကြသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလထဲ၌ အီဂျစ်နိုင်ငံတွင် COP27 ဆိုသည့် ရာသီဥတုညီလာခံကိုကျင်းပပြီး ကမ္ဘာ့ခေါင်းဆောင်အသီးသီးတက်ရောက်ခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်နှင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချရန်အတွက် အစီအစဉ်များကို ညှိနှိုင်းကြသည်။၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရန်လည်း နိုင်ငံအများအပြားက ကတိပြုထားကြသည်။ ထိုအစီအစဉ်များကို အစိုးရအသီးသီးက လုပ်ဆောင်နိုင်သည့်အစီအစဉ်များအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက သဘောတူကြသည်။ထိုသို့လုပ်ဆောင်ရာတွင် အစိုးရ၊ လူတစ်ဦးချင်းစီနှင့် စီးပွားရေးလုပ်ငန်းများသည် သိသာထင်ရှားသည့်ပြောင်းလဲမှုကို လက်တွဲညီညီလုပ်ဆောင်ကြရမည်ဖြစ်သည်။

လူသားတို့၏ နေ့စဉ်ဘဝနေထိုင်မှုထဲမှ သေးငယ်သည့် ပြောင်းလဲမှုလေးများကလည်း ရာသီဥတုပြောင်းလဲမှုအပေါ်တွင် အရေးပါသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြသည်။ ထိုသို့ပြောင်းလဲရာတွင် လေယာဉ်ခရီးစဉ် လျှော့ချခြင်း၊ ကားအသုံးပြုမှုလျှော့ချခြင်းနှင့် လျှပ်စစ်ကားအသုံးပြုခြင်း၊အသားနှင့်နို့ထွက်ပစ္စည်းစားသုံးမှုလျှော့ချခြင်း၊ စွမ်းအင်သုံးစွဲမှုကို လျှော့ချခြင်း၊ လျှပ်စစ်ပစ္စည်း ဝယ်ယူသည့်အခါ စွမ်းအင်သုံးစွဲမှု သက်သာသည့်ထုတ်ကုန်များကို ဝယ်ယူအသုံးပြုခြင်း၊ အိမ်တွင်းအပူပေးစနစ် အကာအရံများကို ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ဓာတ်ငွေ့အပူပေးစနစ်မှ လျှပ်စစ်အပူပေးစနစ်ကို ပြောင်းလဲအသုံးပြုခြင်းတို့ကို ဦးစားပေးပြောင်းလဲမှုပြုလုပ်ကြရမည်။

မိမိခြံဝန်းထဲ၌ပင် ခေတ်မီစွာ ကွန်ကရစ်ကို အပြည့်ခင်းမည့်အစား မိမိခြံဝန်းစိုပြည်လှပ၍ အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် သစ်ပင်ပန်းမန်များကိုစိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရပေမည်။ ကမ္ဘာကြီးပူနွေးလာသည့်ပြဿနာကို လူသားများအားလုံး နားလည်သဘောပေါက်ပြီး အနာဂတ်အတွက် ပြင်ဆင်ဆောင်ရွက်သင့်သည်များကိုဆောင်ရွက်၍ ရာသီဥတုကောင်းမွန်ရေးအလေးထားဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား–**

**မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၉)**

**၂၀၁၈ ခုနှစ် မတ်လ ၂၁ရက်နေ့ထုတ်**

**ကြေးမုံသတင်းစာဆောင်းပါး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၅၅၉၆ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၅၅၉၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ အစေ့ထုတ်ပြောင်း ၃၀၆၉ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၅၂ ဒသမ ၃၁ တင်း ထွက်ရှိကာ ဖူးစားပြောင်း ၂၂၅၂၇ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၅၅၉၆ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာလဲ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက်လဲ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးတယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်လဲ အသိပညာပေးပို့ချပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၂၂၈၉၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၅၅၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေနံချောင်း မတ် ၃၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ငွေးကုန်းကျေးရွာတွင် ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်း ဆိုလာစနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ငွေးကုန်းကျေးရွာတွင် စက်ရေတွင်းအား ၄၁၀ ဝပ်ရှိ ဆိုလာ ၂၈ ချပ် တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၉ သန်းဖြင့် Pro Engineering ကုမ္ပဏီလီမိတက်က ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၁၃ အိမ်မှ လူဦးရေ ၁၀၄၃ ဦးတို့အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။ **ငြိမ်းသူ(စလင်း)**

# ဗလငါးတန် ပြည့်အားမာန် ကျန်းမာလှပ ငယ်ဘဝ

**လင်းလက်**

**ကျန်းမာရေးသာအဓိက**

ကုန်ဆုံးတတ်သောအချိန်များကို စုစည်းထားသော ဘဝဆိုသည့်အရာကို လှလှပပပုံဖော်နိုင်ရေး ကြိုးစား ဆောင်ရွက်ကြရာတွင် အသက်ရှင်နေသမျှကာလ ပတ်လုံး ဘဝ၏လိုအပ်ချက်များကို ဖြည့်ဆည်းရယူ နိုင်ရန်ကြိုးစားဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘဝတွင် အဓိကပဓာနကျသည့် အရေးကြီးဆုံးသော အရာသည် အသက်ရှင်နေထိုင်ရေးပင်ဖြစ်သည်။ အသက်ရှင်နိုင်ရေးအတွက် အရေးကြီးဆုံးသည် ကျန်းမာရေးပင်ဖြစ်ပြီး ကျန်းမာသောဘဝကိုပိုင်ဆိုင်ရမှသာ ပစ္စည်းဥစ္စာရှာဖွေစုဆောင်း၍ သာယာလှပသော ဘဝကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။

ပစ္စည်းဥစ္စာမည်မျှပင် ကြွယ်ဝချမ်းသာစေကာမူ ကျန်းမာရေးချို့တဲ့နေပါကလည်း သာယာပျော်ရွှင်သောဘဝကိုရနိုင်မည်မဟုတ်ပေ။ ငွေဖြင့်ဝယ်ယူ၍ မရနိုင်သောအရာများတွင် ကျန်းမာရေးသည် တစ်ခုအပါအဝင်ဖြစ်သဖြင့် လူသားတိုင်းအတွက် အလိုအပ်ဆုံး ဆုပင်ဖြစ်သည်။ ဘဝတိုက်ပွဲကို ဆင်နွှဲရန်အတွက် ခွန်အားအပြည့်ဖြင့် အဆင်သင့်ဖြစ်နေကြသည့် လူငယ်များအတွက်လည်း မိမိတို့လိုရာပန်းတိုင်ကို ဆုပ်ကိုင်နိုင်ရန်အတွက် သန်စွမ်းကျန်းမာသော ခန္ဓာကိုယ်ကို ရယူပိုင်ဆိုင်ထားရန်လိုအပ်သဖြင့် ကာယဗလတည်းဟူသော ကျန်းမာခြင်းခွန်အားကို ဖြည့်တင်းထားနိုင်ရန် အပတ်တကုတ်ကြိုးစားရမည်ဖြစ်သည်။

**စိတ်ရောကိုယ်ပါကျန်းမာဖို့**

ကျန်းမာခြင်းဆိုသည့်စကားရပ်တွင် ကိုယ်ကျန်းမာခြင်းနှင့် စိတ်ချမ်းသာခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာယဗလတည်းဟူသော ခန္ဓာကိုယ်ကျန်းမာရေးအတွက် သင့်တင့်မျှတသောအစာအာဟာရများကို စားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်မှုပုံစံရှိခြင်း၊ အရက်သေစာအစရှိသည့် မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းမှရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း စသည့်အမူအကျင့်ကောင်းများရှိရန်လိုအပ်သည်။ စိတ်ချမ်းသာရေးအတွက် စိတ်ခွန်အားဖြစ်စေသော စာပေများကိုဖတ်ရှုရမည်။ ဘဝတွင် စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာပြီး ကျန်းမာခြင်း၏တန်ဖိုးကိုသိရှိကာ ကျန်းမာရေးကို အလေးထားတတ်လာမည်ဖြစ်သည်။ ကိုယ်၊ စိတ်နှစ်ပါးစလုံး ကျန်းမာမှသာ ဘဝရှင်သန်နိုင်မည်ဖြစ်သဖြင့် လူငယ်လူရွယ်များအနေဖြင့် ကျန်းမာခြင်းကို ဖန်တီးရယူနိုင်မည့် လူနေမှုပုံစံများတွင် မွေ့လျော်ကြရန်လိုအပ်သည်။

“ဥစ္စာကိုကံစောင့်၊ အသက်ကိုဉာဏ်စောင့်” ဆိုသည့်စကားနှင့်အညီ မိမိရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာများသည် ကံမကောင်းသည့်တစ်နေ့တွင် ဆုံးရှုံးသွားနိုင်သည်။ ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်ကိုပိုင်ဆိုင်ပြီး စိတ်ဓာတ်ကြံ့ခိုင်သောလူတစ်ဦးအနေဖြင့် ဆုံးရှုံးသွားသောပစ္စည်းဥစ္စာများကို လွယ်လင့်တကူပြန်လည်ရှာဖွေစုဆောင်းနိုင်မည်ဖြစ်သည်။ မိမိ၏ကျန်းမာရေးကိုတန်ဖိုးမထားမိဘဲ ကျန်းမာရေးနှင့်စပ်လျဉ်းသည့်အသိဉာဏ်ပညာနည်းခဲ့ပြီး ကျန်းမာပျော်ရွှင်သောဘဝကို ဖန်တီးရယူခဲ့ခြင်းမရှိသဖြင့် ကာယဗလအားနည်းကာ မကျန်းမမာဖြစ်ခဲ့ပါက ဆေးဝါးကုသကုန်ကျမှုများကြောင့် မိမိရှာဖွေစုဆောင်းအပ်သောပစ္စည်းဥစ္စာများ ကုန်ဆုံးသွားနိုင်သည်။ ကိုယ်တိုင်မကျန်းမာသောကြောင့် စီးပွားဥစ္စာရှာဖွေနိုင်ခြင်းလည်းမရှိတော့သဖြင့် စိတ်ဓာတ်ကျဆင်းလာနိုင်ပြီး စိတ်ရောကိုယ်ပါအားနည်းလာကာ ဘဝဆုံးရှုံးသွားရနိုင်သဖြင့် သတိပြုသင့်ပေသည်။

**အချိန်ရှိခိုက်လုံ့လစိုက်**

“အချိန်နှင့်ဒီရေသည် လူကိုမစောင့်” ဟူသော စကားရပ်နှင့်အညီ ကုန်ဆုံးတတ်သောအချိန်များနှင့် စုစည်းပေါင်းစပ်ထားသည့်ဘဝတွင် အရေးကြီးသည့်အရာများကို အချိန်ရှိခိုက်ပြုလုပ်ကြရန်လိုသည်။ လူငယ်ဆိုသည်မှာ ဘဝပင်လယ်ပြင်တွင် ရွက်လွှင့်နိုင်ရေးအတွက် လိုအပ်သည့်ကိရိယာတန်ဆာပလာများကို စုဆောင်းရသည့်အရွယ်ပင်ဖြစ်သည်။ ပင်လယ်ပြင်တွင် ရွက်လွှင့်မည့်လှေတစ်စီး၏ အဓိကလိုအပ်ချက်မှာ လှေ၏ကြံ့ခိုင်မှုပင်ဖြစ်သည်။ ကြံ့ခိုင်မှုမရှိသည့်လှေတစ်စီးသည် လိုရာခရီးသို့ ရောက်နိုင်မည်မဟုတ်ပေ။ အပေါက်သေးသေးကလေးရှိသောလှေကို ဖာထေးကာ ရွက်လွှင့်၍ရနိုင်သော်လည်း ကနဦးအစကတည်းက စစ်ဆေးမှုမရှိဘဲ ကြံ့ခိုင်မှုအားနည်းသည့် ပိုးစားသောသစ်သားများဖြင့် ထွင်းထုထားသော လှေဖြင့် ရွက်လွှင့်မိပါက ရေလယ်ကောင်ရောက်မှ လှေဝမ်းပေါက်ကာ ရေအောက်ရောက်သွားနိုင်သည်။

လူငယ်များ၏ဘဝသည်လည်း ထို့အတူပင်ဖြစ်ပြီး လှေ၏ကိုယ်ထည်နှင့်တူသောခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်စေရေးအတွက် ပိုးမွှားနှင့်တူသော မူးယစ်ဆေးဝါးများ၏နှောင့်ယှက်မှုအန္တရာယ်ကို သတိပြုသင့်သည်။ မူးယစ်ဆေးဝါးသုံးစွဲမိ၍ ပိုးစွဲသောသစ်သားများကဲ့သို့ဖြစ်လာမည်ဆိုပါက လှေနှင့်တူသောခန္ဓာကိုယ်သည် ပျက်စီးယိုယွင်းလာပြီး ဘဝပင်လယ်ပြင်အတွင်း လိုရာခရီးသို့မရောက်မီ အသက်ပျောက်သွားနိုင်သဖြင့် သတိပြုဆင်ခြင်သင့်သည်။

ငယ်ရွယ်နုပျိုစဉ်အချိန်တွင် အပျော်အပါးလိုက်စားကာ မူးယစ်ဆေးဝါးသုံးစွဲမိပြီး ကျန်းမာရေးထိခိုက်၊ ဘဝပျက်၊ ထောင်ကျ၊ လူမှုပတ်ဝန်းကျင်တွင်မဝင်ဆံ့နိုင်တော့သည့်အခြေအနေသို့ မရောက်ရှိရလေအောင် လူငယ်မျိုးဆက်သစ်များအနေဖြင့် ဆေးလိပ်၊ ကွမ်း၊ အရက် စသည့်မူးယစ်စေတတ်သောဆေးဝါးများကို မသုံးစွဲမိစေရန် ကြိုးစားရမည်ဖြစ်သည်။ လန်းဆန်းတက်ကြွသည့်ငယ်ဘဝအချိန်များသည် ပြန်အစားရနိုင်သည့်အရာမဟုတ်သဖြင့် “အချိန်ရှိခိုက် လုံ့လစိုက်” ဆိုသည့်စကားနှင့်အညီ ငယ်ဘဝအချိန်များကိုအကျိုးရှိရှိအသုံးချနိုင်ရေး နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း စသည့် ကိုယ်ရောစိတ်ပါကျန်းမာစေသည့်အပြုအမူများနှင့်သာ မွေ့လျော်နိုင်ရေး ကြိုးစားသင့်ပေသည်။

လွတ်လပ်မှုဆိုသည့်အရာကို ပုံဖော်မှားပြီး မူးယစ်ဆေးဝါးသုံးစွဲမိပါက အစားအသောက်၊ အနေအထိုင်ပုံမှန်မဟုတ်တော့သည့်အတွက် ကျန်းမာရေးထိခိုက်လာခြင်း၊ အချိန်ကြာလာသည်နှင့်အမျှ လူမှုဆက်ဆံရေးပျက်စီးလာကာ မိသားစုအသိုင်းအဝိုင်းကြား ရှိရင်းစွဲဆက်ဆံရေးပါပျက်စီးလာခြင်း၊ အခန့်မသင့်ပါက အဖမ်းခံရနိုင်ပြီး လူငယ်ဘဝအချိန်များကို အကျဉ်းသားအဖြစ်နှင့်ကုန်ဆုံးရခြင်း၊ အချိန်တန်၍ အကျဉ်းသားဘဝကလွတ်မြောက်ခဲ့သော်လည်း ဘဝတက်လမ်းအတွက် ဆောင်ရွက်ရန်မဖြစ်နိုင်တော့ဘဲ ကျန်းမာရေးအတွက် ဆေးဝါးကုသမှုကိုခံယူနေရခြင်း” စသည့် ခါးသီးသောအတွေ့အကြုံမျိုးကို မျိုးဆက်သစ်လူငယ်များ မခံစားမိစေရန် ဆင်ခြင်သင့်သည်။

**သတိပြုဖွယ်**

ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာတွင်လည်း လူငယ်များအနေဖြင့် အရက်သေစာသောက်စားခြင်းဖြင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သကဲ့သို့ ပစ္စည်းဥစ္စာတို့ကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်သဖြင့် ရှောင်ကြဉ်သင့်ကြောင်းကို “သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့်အဆိပ်ရေ” ဟု ဆုံးမထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် မေ ၉ ရက်၌ဖော်ပြထားသည့် ဖော်ပြချက်တစ်ရပ်တွင် အရက်သေစာသောက်စားခြင်းဖြင့် ရောဂါအမျိုးအစားပေါင်း ၂၀၀ ကျော်ဖြစ်ပွားနိုင်ကြောင်း၊ နှစ်စဉ် လူဦးရေ သုံးသန်းခန့်သည် အရက်သေစာသောက်စားမှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးနေရကြောင်း၊ အသက် ၂၀ မှ ၃၉ နှစ်ကြား လူငယ်သေဆုံးမှုများ၏ ၁၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် အရက်သေစာသောက်စားမှုကြောင့်သာ ဖြစ်ရကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ လူငယ်မျိုးဆက်သစ်များအတွက် အရွယ်မရောက်မီ သေဆုံးရခြင်းသည် ကမ္ဘာကြီးအတွက် ကြီးမားသော ဆုံးရှုံးမှုပင်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဟာရပြည့်ဝသည့် အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် အရက်သေစာသောက်စားမှုကို ရှောင်ကြဉ်ခြင်းတို့ဖြင့် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဟု အကြံပြုတင်ပြထားသည်။

**လူပီသစေဖို့**

မြန်မာအဘိဓာန်တွင် “ဗလ” ဆိုသည်မှာ “ခွန်အား” ဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။ လူငယ်များအနေဖြင့် ဘဝတိုက်ပွဲကို အောင်မြင်စွာဆင်နွှဲနိုင်ရေးအတွက် ကာယဗလ- ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ခြင်း၊ ဉာဏဗလ- ဉာဏ်ပညာအမြော်အမြင်ကြီးမားခြင်း၊ စာရိတ္တဗလ- အကျင့်စာရိတ္တပြည့်စုံကောင်းမွန်ခြင်း၊ မိတ္တဗလ - အဆွေခင်ပွန်းကောင်းနှင့်ပေါင်းဖက်ခြင်း၊ ဘောဂဗလ- ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝခြင်း ဟူသည့် ဗလငါးတန်ပြည့်စုံရေး ကြိုးပမ်းရမည်ဖြစ်သည်။ “ခွန်အား” ဆိုသည့်အဓိပ္ပာယ်မှာ မိမိ၏ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးနှင့် အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် မဖြစ်မနေအသုံးပြုရမည့်အရာဖြစ်သည်။ မိမိတွင်ရှိသောခွန်အားကိုတလွဲသုံး၍ တစ်ပါးသူကို နိုင်ထက်စီးနင်းပြုမူရန်မဟုတ်သည်ကိုလည်း လူငယ်များအနေဖြင့် အထူးသတိပြုသင့်သည်။

မိမိ၏ဘဝပေးအခြေအနေ၊ ကံအကြောင်းတရားများနှင့် ကြိုးစားမှုအစရှိသဖြင့် “ကံ၊ ဉာဏ်၊ ဝီရိယ” ဆိုသည့် အရာသုံးပါးပြည့်စုံ၍ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝခြင်း၊ ရာထူးအာဏာဖြင့် ပြည့်စုံခြင်းစသည့် ခွန်အားများရရှိလာသည့်အခါ မာန်မာနတရားများထားရှိလာတတ်သည်။ မိမိတွင်ရှိသည့် ခွန်အားများကို တလွဲအသုံးပြု၍ မိမိ၏အောက် ရာထူးအားဖြင့်လည်းကောင်း၊ အာဏာအားဖြင့်လည်းကောင်း၊ ငွေကြေးအားဖြင့် လည်းကောင်း၊ ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း အားနည်းသူအပေါ် သည်းခံခွင့်လွှတ်ခြင်းတည်းဟူသော ဗလဝခန္တီမရှိဘဲ မိမိတွင်ရှိသည့်ခွန်အားကိုအသုံးပြု၍ နိုင်ထက်စီးနင်းပြုကျင့်ခြင်းကို ဆောင်ရွက်မိမည်ဆိုပါက လူ့သဘာဝနှင့် ဆန့်ကျင်သွားမည်ဖြစ်သည်။ “ခွန်အားနည်းသူတို့က ခွန်အားကြီးသူတို့၏ဆောင်ရွက်မှုများအပေါ် နှစ်သက်သဘောကျသည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ ခွင့်လွှတ်ရစမြဲဖြစ်သည်” ဒွဗလခန္တီသာရှိသည့်တိရစ္ဆာန်လောကမှ အပြုအမူများသာဖြစ်သဖြင့် လူ့ဘဝတွင် လူပီသရန်ရှိသောခွန်အားကိုတလွဲအသုံးပြု၍ မိမိထက်ခွန်အားနည်းသူတို့အပေါ် နိုင်ထက်စီးနင်းပြုကျင့်ခြင်းမှ မဖြစ်မနေရှောင်ကြဉ်ရမည်ဖြစ်သည်။ မိမိတွင်ရှိသည့်ခွန်အားကိုအသုံးပြု၍ နိုင်ထက်စီးနင်းပြုကျင့်ခြင်းကဲ့သို့ပင် မိမိတွင်ရှိသောရာထူးနေရာကြောင့်ဖြစ်ပေါ်လာရသည့်လုပ်ပိုင်ခွင့်ခွန်အားကို လမ်းမှားအသုံးပြု၍ မိမိလက်အောက်ငယ်သားတို့၏ ဘဝနှင့်အကျိုးစီးပွားများကိုငဲ့ကွက်မှုမရှိဘဲ တစ်ကိုယ်ကောင်းဆန်သော ဆုံးဖြတ်ချက်များကိုချမှတ်ခြင်း၊ မမှန်မကန်ဆုံးဖြတ်ခြင်း၊ ဘက်လိုက်ခြင်း၊ မျက်နှာသာပေးခြင်းစသည့် အဂတိလိုက်စားခြင်းအပြုအမူများကို ပြုကျင့်မိမည်ဆိုပါက လူပီသသည့်လုပ်ရပ်များမဟုတ်သဖြင့် သတိပြုဆင်ခြင်သင့်သည်။

**ကာယဗလဖြည့်ဆည်းကြ**

ရောဂါအသစ်အဆန်းမျိုးစုံ၊ သဘာဝဘေးအန္တရာယ်မျိုးစုံ၊ စိန်ခေါ်မှုမျိုးစုံကိုကြုံတွေ့နေရပြီး ပြိုင်ဆိုင်မှုပြင်းထန်နေသည့်ခေတ်တွင် လူငယ်များအနေဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ခြင်းတည်းဟူသော ကာယဗလအပြင် ကျန်ခွန်အားများကိုလည်း ဖြည့်ဆည်းထားကာ မည်သည့်စိန်ခေါ်မှုမျိုးစုံကိုမဆို ရင်ဆိုင်နိုင်သော မျိုးဆက်သစ်လူငယ်များဖြစ်ရေး ကြိုးစားရန်လိုအပ်သည်။ ထို့ပြင် ငယ်စဉ်ကတည်းက တစ်ကိုယ်ကောင်းဆန်သောစိတ်၊ မိမိတွင်ရှိသောခွန်အားကို တလွဲသုံး၍ နိုင်ထက်စီးနင်းပြုကျင့်တတ်သည့်စိတ်၊ မတရားရယူလိုစိတ်စသည့် မကောင်းသောလူသားတစ်ဦးအနေဖြင့် မထားရှိအပ်သောစိတ်ဓာတ်တို့ကို ဖယ်ရှားနိုင်ပြီး သန့်ရှင်းမွန်မြတ်သော၊ ဖြောင့်မတ်တည်ကြည်သော၊ အမှန်တရားကိုမြတ်နိုးသောစိတ်တို့ဖြင့် အနာဂတ်တော်ဝင်ပန်းများအဖြစ် လန်းဆန်းနိုင်ရေးအတွက် စိတ်ရောကိုယ်ပါကျန်းမာသည့် လူငယ်များဖြစ်လာစေရေး ကြိုးစားနိုင်ကြပါစေကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Web site**
- **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ**

**❖ လူငယ်ဆိုသည်မှာ ဘဝပင်လယ်ပြင်တွင် ရွက်လွှင့်နိုင်ရေးအတွက် လိုအပ်သည့်ကိရိယာတန်ဆာပလာများကို စုဆောင်းရသည့်အရွယ်ပင်ဖြစ်သည်။ ပင်လယ်ပြင်တွင် ရွက်လွှင့်မည့်လှေတစ်စီး၏ အဓိကလိုအပ်ချက်မှာ လှေ၏ကြံ့ခိုင်မှုပင်ဖြစ်သည်။ ကြံ့ခိုင်မှုမရှိသည့်လှေတစ်စီးသည် လိုရာခရီးသို့ ရောက်နိုင်မည်မဟုတ်ပေ။ အပေါက်သေးသေးကလေးရှိသောလှေကို ဖာထေးကာ ရွက်လွှင့်၍ရနိုင်သော်လည်း ကနဦးအစကတည်းက စစ်ဆေးမှုမရှိဘဲ ကြံ့ခိုင်မှုအားနည်းသည့် ပိုးစားသောသစ်သားများဖြင့် ထွင်းထုထားသောလှေဖြင့် ရွက်လွှင့်မိပါက ရေလယ်ကောင်ရောက်မှလှေဝမ်းပေါက်ကာ ရေအောက်ရောက်သွားနိုင်သည်။ ❖**

# ခါသင်္ကြန် မြန်မာ့ရိုးရာအစားအစာများနှင့် အာဟာရ

ပေါက်ပေါက်

ဧပြီလရောက်တာနဲ့ သင်္ကြန်အငွေ့အသက်ကိုရရှိလာပါပြီ။ အခုနှစ်မှာလဲ မြန်မာနိုင်ငံရှိ ပိတောက်ပင်တချို့က ခါတိုင်းနှစ်တွေထက်စောပြီး ပွင့်လန်းနေကြတာဟာ ကြည်နူးဖွယ်ရာပါ။ နှစ်ဟောင်းက အညစ်အကြေးတွေကိုဆေးကြောသန့်စင်ပြီး သစ်လွင်တဲ့နှစ်သစ်ကို ကြိုဆိုကြရင်း မြန်မာ့အတာရေသဘင်ပွဲကိုဆင်နွှဲကြမဲ့ သင်္ကြန်အခါသမယလဲ မကြာခင်ရောက်တော့မှာဖြစ်ပါတယ်။

သင်္ကြန်ကာလမှာ တစ်ယောက်နဲ့တစ်ယောက် မြူးထူးပျော်ရွှင် ရေစင်ဖျန်းပက်ကစားကြတဲ့အခါ မငြိုးစူကြည်ဖြူစွာ ရေကစားကြတာဟာ ချစ်စရာကောင်းလှတဲ့ မြန်မာ့ရိုးရာဓလေ့တစ်ရပ်ဖြစ်ပါတယ်။ ဒါ့ပြင် ရပ်တကာ၊ နယ်တကာမှာ သူသူငါငါလူတကာကို စတုဒိသာကျွေးမွေးညှိခံကြတာလဲ ကြည်နူးစရာ ရှေးအစဉ်အလာဒါနတစ်ခုရယ်ပါ။ သင်္ကြန်အခါသမယမှာ အုန်းလက်နဲ့တမာခက်တွေမိုးကာထားတဲ့ သင်္ကြန်မဏ္ဍပ်အတွင်း ဒါနအမှုပြုလေ့ရှိကြတဲ့ သင်္ကြန်ထမင်း၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ် စတဲ့ မြန်မာ့ရိုးရာအစားအစာလေးတွေက ခါသင်္ကြန်နဲ့ လိုက်လျောညီထွေရှိလှပါတယ်။

သင်္ကြန်ကာလမှာ အစားအစာပြုလုပ်ရတာ ဝါသနာပါသူတွေကလဲ အစဉ်လာမပျက် မိမိနေအိမ်မှာ သင်္ကြန်အစားအစာလေးတွေကိုပြုလုပ်ပြီး အိမ်နီးချင်းမိတ်ဆွေတွေကို ဝေငှလှူမျှကြတာက အရိုးပေါ်အရွက်မဖုံးတဲ့ မြန်မာတို့ရဲ့ချစ်စရာ့ဓလေ့ဖြစ်ပါတယ်။ ပေးလှူသူတွေအတွက်ရော လက်ခံစားသုံးသူတွေအတွက်ပါ ကျန်းမာသုတရကြပါစေဖို့ ရည်ရွယ်ပြီး သင်္ကြန်အစားအစာနဲ့ အာဟာရတန်ဖိုးကို အောက်ပါအတိုင်း ရေးသားလိုက်ပါရစေ။

**သင်္ကြန်ထမင်းနှင့် အာဟာရ**

နေရာဒေသပေါ်မူတည်ပြီး သင်္ကြန်ထမင်းကို မြန်မာသင်္ကြန်ထမင်းနဲ့ မွန်ရိုးရာသင်္ကြန်ထမင်းဆိုပြီး ကျွေးမွေးညှိခံတတ်ကြပါတယ်။ မြန်မာရိုးရာဖြစ်စေ၊ မွန်ရိုးရာဖြစ်စေ သင်္ကြန်ထမင်းအတွက် တွဲဖက်စားသုံးလေ့ရှိတဲ့ဟင်းလျာတွေကတော့ ငါးခြောက်ထောင်းကြော်၊ ငရုတ်သီးကြော်၊ ပဲကြီးဆူးပုပ်၊ သရက်သီးစိမ်းသုပ်တို့ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာနေထိုင်တဲ့ မွန်တိုင်းရင်းသားတွေရဲ့သင်္ကြန်ထမင်းက ပူပြင်းတဲ့ ရာသီမှာ အေးမြစေဖို့ ထမင်းထဲကို ဖယောင်းရေအေး ဆမ်းပြီးကျွေးမွေးကြပါတယ်။ သင်္ကြန်ထမင်းရဲ့ ထူးခြားချက်မှာ ထမင်းပုံစံလှပစေဖို့အတွက် ဆန်ကောင်းကောင်းကိုသာရွေးချယ်ရပါတယ်။ ဆန်စေ့တွေ ကျက်လို့ ရှည်ထွက်လာတဲ့အခါဆန်ခါထဲကိုလောင်းသွန်ချပြီး ရေအေးနဲ့သုံးကြိမ်လောက်ဆေးကြောရပါတယ်။ ထမင်းတွေကို ဆန်ခါစစ်ထားပြီးနောက် ဖယောင်းသင်းရေနဲ့ဆမ်းပြီးစားတာဖြစ်ပါတယ်။ မွန်လူမျိုးတို့ဟာ သင်္ကြန်ကာလမှာ ပျားဖယောင်းကိုအသုံးပြုလေ့ရှိကြပြီး နံ့သာအဖြစ် နံ့သာဖြူမှုန့်အနည်းငယ်ထည့်ပြီး ဖယောင်းနံ့သာရည်ကိုပြုလုပ်လေ့ရှိကြပါတယ်။ သင်္ကြန်ထမင်းမှာပါဝင်တဲ့ အာဟာရဓာတ်တွေက ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်းနဲ့ ဗီတာမင်တို့ဖြစ်ကြပါတယ်။ ငါးခြောက်ထောင်းကြော်အတွက် အသားများပြီး ပရိုတင်းဓာတ်ကြွယ်ဝတဲ့ငါးခြောက်တွေဖြစ်တဲ့ ကကူရံခြောက် ဒါမှမဟုတ် ငါးကွမ်းရှပ်ခြောက်တွေကိုသုံးလေ့ရှိပြီး အဲဒီငါးခြောက်ကြော်က ပရိုတင်း၊ ကယ်လိုရီနဲ့ဖော့စဖရတ်တို့ကိုပေးစွမ်းနိုင်ပါတယ်။ ပဲကြီးကနေ ပရိုတင်းအာဟာရဓာတ်ကိုရရှိစေမှာဖြစ်သလို ဆူးပုပ်ရွက်ကလဲ အစာမကြေ၊ လေနာရောဂါတွေအတွက် ကောင်းမွန်တဲ့ဆေးတစ်လက်ဖြစ်ပါတယ်။ ဒါ့ပြင် ဆူးပုပ်ရွက်က ချောင်းဆိုးရောဂါကိုပျောက်ကင်းစေ



တာကြောင့် သင်္ကြန်ထမင်းစားပေးတဲ့အတွက် အပူလျှပ်တာ ဒါမှမဟုတ် အအေးမိပြီးဖျားနာ၊ ချောင်းဆိုးတာတွေကနေ ကြိုတင်ကာကွယ်ရာရောက်ပါတယ်။ ခါသင်္ကြန် ရေစိုရွှဲရွှဲချမ်းတုန်နေချိန်မှာ ငရုတ်သီးကြော်စပ်စပ်လေးက နွေးထွေးမှုပေးစွမ်းနိုင်သလို အမျှင်ဓာတ်ကြွယ်ဝသလောက် ဗီတာမင်စီဓာတ်လဲ အမြောက်အမြားပါရှိတဲ့ သရက်သီးစိမ်းသုပ်နဲ့တွဲဖက်စားလိုက်တဲ့အခါ တစ်နှစ်မှ တစ်ရာသီတွင်သာစားကြရမဲ့ ချဉ်၊ ငန်၊ စပ်၊ ဆိမ့်သက်အရသာရှိတဲ့ သင်္ကြန်ထမင်းလေးကမမေ့နိုင်စရာပါ။

**မုန့်လက်ဆောင်း**

အသင့်လုပ်ထားတဲ့ မုန့်လက်ဆောင်းဖတ်တွေကို ဈေးထဲကနေ အလွယ်တကူဝယ်ယူရရှိနိုင်ပါတယ်။ မုန့်လက်ဆောင်းက ပြုလုပ်ရတာကရိကထများသလို ငွေကုန်ကြေးကျလဲသက်သာတာကြောင့် မုန့်လက်ဆောင်းကို သင်္ကြန်မဏ္ဍပ်တိုင်းလိုလိုမှာ တိုက်ကျွေးညှိခံလေ့ရှိကြပါတယ်။ မုန့်လက်ဆောင်းတစ်ခွက်မှာ သကြားရည်၊ ထန်းလျက်ရည်၊ အုန်းနို့၊ ဆားအနည်းငယ်တို့နဲ့ အရသာရှိရှိဖျော်စပ်ထားလေ့ရှိပါတယ်။ မုန့်လက်ဆောင်းဖတ်ကို ဆန်နဲ့ပြုလုပ်ထားတာကြောင့် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်းနဲ့ ဗီတာမင်အုပ်စုတွေ ပါဝင်ကြပါတယ်။ အုန်းနို့က ကယ်လိုရီအပြည့်ရရှိစေတဲ့အပြင် ပရိုတင်း၊ ပြည့်ဝဆီနဲ့ ကာဗိုဟိုက်ဒရိတ်တွေ ပါရှိနေတာကြောင့် အထူးသဖြင့် ဆယ်ကျော်သက်လူငယ်တွေအတွက် ခွန်အားဖြည့်ပေးနိုင်ပါတယ်။ အပူကန့်ပြီး လည်ချောင်းနာတာ၊ အပူလျှပ်တာ၊ အဆုတ်အအေးမိတာတွေအတွက် ဗီတာမင်နဲ့ သတ္တုဓာတ်တွေကြွယ်ဝတဲ့ထန်းလျက်ချိုချိုက ကောင်းကျိုးပြုပေးနိုင်ပါတယ်။ ဒါ့ပြင် သင်္ကြန်မှာ အပျော်လွန်ပြီး မြူးထူးအော်ဟစ်လို့ အသံနာ၊ အသံဝင်တာအတွက်ကိုလဲ ထန်းလျက်ကသက်သာပြေလျော့စေသလို အဆိပ်အတောက်ပြေစေပြီး အဆုတ်သန့်စေတာကြောင့် သင်္ကြန်မှာ အဖော်အပေါင်းစုံနဲ့ယမကာမှီဝဲတတ်သူတွေအတွက် ထန်းလျက်ရည်မုန့်လက်ဆောင်းကို များများသောက်ပေးသင့်ပါတယ်။

**ရွှေရင်အေး**

သူ့အမည်လေးက အတိတ်နမိတ်ကောင်းစေတာကြောင့် “ရွှေရင်အေး”အာဟာရကို ခါသင်္ကြန်အထိမ်းအမှတ်အဖြစ် ဒါနပြုလေ့ရှိကြပါတယ်။ ရွှေရင်အေးတစ်ခွက်ရရှိဖို့အတွက် သာကူ၊ မုန့်လက်ဆောင်း၊ ကျောက်ကျော၊ ကောက်ညှင်းပေါင်း၊ ပေါင်မုန့်၊ သကြား၊ အုန်းနို့တို့နဲ့ ချိုဆိမ့်တဲ့အရသာလေးမို့ ကလေး၊ လူကြီး အားလုံးကြိုက်နှစ်သက်ကြပါတယ်။ အဲဒီအရောအနှော မျိုးစုံပါတဲ့ ရွှေရင်အေးတစ်ပန်းကန်ထဲကနေ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဗီတာမင်အုပ်စု၊ ပြည့်ဝဆီ၊ ဗီတာမင်၊ စီလီနီယမ်အပါအဝင် သတ္တုဓာတ်အမျိုးမျိုး၊ အမျှင်ဓာတ်၊ မဂ္ဂနီးစ်၊ ကော့ပါး၊ သံဓာတ်၊ ဇင့်ဓာတ်၊ ကစီဓာတ်တွေကို တစ်ပြိုင်နက်တည်းရရှိစေမှာဖြစ်ပါတယ်။ ချိုမွှေးအေးအရသာလေးမို့လဲ ရွှေရင်အေး တစ်ခွက်စားပြီးတဲ့အခါ ခွန်အားပြည့်လန်းဆန်းစေတော့မှာအမှန်ပါ။

**မုန့်လုံးရေပေါ်**

သင်္ကြန်မုန့်တွေထဲမှာ မပါမဖြစ်က မုန့်လုံးရေပေါ်ပါ။ မြန်မာအယူအဆအရ “တိမ်မြုပ်နေတဲ့ကံကို ကောင်းမွန်ပေါက်ရောက်စေဖို့” ဆိုတဲ့အကျိုးငှာ မုန့်လုံးရေပေါ်ကို သင်္ကြန်တွင်းသာမက သင်္ကြန်မဟုတ်တဲ့ အချိန်တွေမှာလဲ လှူဒါန်းလေ့ရှိကြပါတယ်။ မုန့်လုံးရေပေါ်ကို ခါသင်္ကြန်အတွင်းမှာ လူအများကြီးနဲ့ ပျော်ပျော်ပါးပါးလုံးကြရင်း အိမ်နီးချင်းတွေနဲ့ လမ်းပေါ်ကရေကစားသူတွေကိုဝေငှကြရတာ ချစ်စရာမြန်မာ့ဓလေ့ပါ။ ထန်းလျက်ခဲလေးထည့်ထားတဲ့ မုန့်လုံးရေပေါ်က ချိုဆိမ့်နေပြီး သူ့အပေါ်ဖြူးထားတဲ့အုန်းသီး အရသာကြောင့် ပိုမိုကောင်းမွန်တဲ့အာဟာရဖြစ်သွားပါတယ်။ ဒါကြောင့်လဲ မုန့်လုံးရေပေါ်ကို ဘယ်လောက်စားစား ဗိုက်ဝတယ်လို့မထင်ရဘဲ များများစားမိတတ်ပါတယ်။ မုန့်လုံးရေပေါ်စားခြင်းဖြင့် ရွှေရင်အေးထက် မနိမ့်တဲ့အာဟာရတန်ဖိုးတွေကို ရရှိစေမှာဖြစ်ပါတယ်။ တကယ်လို့ မုန့်လုံးရေပေါ်ထဲမှာ အပျော်အနေနဲ့ထည့်ထားတဲ့ငရုတ်သီးစိမ်းတောင့် မတော်တဆဝါးမိခဲ့ရင် စိတ်မဆိုးကြဘဲစားတတ်ကြပါတယ်။ ငရုတ်သီးမှာ အယ်လ်ကာလီဓာတ်ပေါင်းစုတွေ ရရှိစေတာကြောင့် ဦးနှောက်ကိုတက်ကြွလန်းဆန်းစေတယ်။ တစ်နှစ်ပတ်လုံး ကျန်းမာရေးကောင်းအုံးမယ်လို့ လက်ခံကြပါတယ်။

အယ်နီညိုရဲ့ဘေးထွက်ဆိုးကျိုးအဖြစ် ကမ္ဘာကြီး တစ်နေ့ထက်တစ်နေ့ပိုပြီး အပူရှိန်မြင့်မားလာတာကြောင့် သင်္ကြန်တွင်းလည်ပတ်တဲ့အခါ နေလောင်ကာလိမ်းတာက နေလောင်ဒဏ်ခံနိုင်သလို ရေစိုလဲခံနိုင်ပြီး လုံလုံခြုံခြုံဖြစ်စေမဲ့ အင်္ကျီလက်ရှည်ရွေးချယ်ဝတ်ဆင်တာ၊ မျက်နှာကိုနေလောင်ဒဏ်အပြင် ရေပတ်တဲ့ဒဏ်ပါ ခံစားရတာကြောင့် ရေစိုခံနေရောင်ခြည်ကာကရင်မ် အမျိုးအစားဖြစ်တဲ့ (water proof sunscreen) ကို သာရွေးချယ်လိမ်းတာ၊ SPF 50 PA(++++) ပါတဲ့ ကရင်မ်တွေကို ရွေးချယ်သုံးစွဲတာ စတဲ့ ကိုယ့်အသားအရေကို ကာကွယ်စောင့်ရှောက်ထားနိုင်ပါတယ်။

ဆံပင်ကိုလဲဂရုစိုက်ပါ။ သင်္ကြန်ရေစိုလိုက်၊ နေပူလိုက်၊ လေအေးတွေကြောင့် ခြောက်သွေ့လိုက်နဲ့ ဆံသားတွေပျက်စီးတာမဖြစ်ရလေအောင် သင်္ကြန်လည်ပြီးလို့အိမ်ပြန်ရောက်တဲ့အခါ ရေများများ ခေါင်းပေါ်ကနေလောင်းချပါ။ ပြီးမှ ကိုယ်သုံးနေကျ ခေါင်းလျှော်ရည်ကိုသုံးပါ။ အထူးသဖြင့် Moisturizing Shampoo ခေါ် ဆံသားအစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်တဲ့ ခေါင်းလျှော်ရည်အမျိုးအစားသုံးစွဲနိုင်ရင် ပိုကောင်းပါတယ်။ ဆံသားနှစ်ခွဖြစ်ပြီး ပျက်စီးတာ မဖြစ်ရလေအောင် သင်္ကြန်ကာလကုန်ဆုံးတဲ့အခါ ဆံပင်ကိုထိပ်ဖျားကနေစပြီး လက်တစ်လုံးလောက် ညှပ်ပေးသင့်ပါတယ်။

နွေရာသီမှာကျင်းပတဲ့သင်္ကြန်အခါမှာ ခန္ဓာကိုယ်အတွင်း အပူငြိမ်းအေးစေမဲ့အအေးစာတွေဖြစ်ကြတဲ့ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွှေး၊ သခွားသီး၊ ပူဒီနာရွက်၊ မုန်လာဥအဖြူ၊ နှမ်း၊ စမုန်စပါး၊ အုန်းစိမ်းရည်၊ တလည်သီး၊ ပဲနံ့သာစေ့၊ နွားနို့အေး၊ သံပရာရည်၊ မန်ကျည်းမှည့်ဖျော်ရည် စတာတွေကိုလဲ နွေဦးရာသီ သင်္ကြန်မတိုင်ခင်ကစပြီး နွေရာသီကုန်ဆုံးတဲ့ထိ စားသောက်ပေးသင့်ပါတယ်။

ဒါကြောင့် သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက် ခါသင်္ကြန်နေ့ရက်တိုင်းကို ပျော်ရွှင်ကြည်နူးစွာနဲ့ဖြတ်သန်းနိုင်ကြပါစေကြောင်း၊ ဘေးဘယာကင်းဝေးကြပါစေကြောင်း၊ ဘေးအန္တရာယ်အမျိုးမျိုးကနေကင်းဝေးကြပါစေကြောင်း၊ ပျော်ရွှင်ဖွယ်ရက်မြတ်သင်္ကြန်ကို ဖြတ်သန်းနိုင်ပါစေကြောင်း ရေးသားလိုက်ရပါတယ်။

# မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုး ရာသီ၌ စပါး ဧက ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၉၉ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မြောင်မြို့နယ်မှာ နွေစပါး ဧက ၂၆၀၀ စိုက်ပျိုးဖို့လျာထားတာ။ လက်ရှိ ၂၄၉၉ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့ အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိဖို့ အသိပညာပေးပါတယ်” ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နွေစပါးစိုက် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝ မြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ သီးနှံ များ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုး များစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုး နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ပိုးမွှားရောဂါကြိုတင် ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာ လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(၂၀၆)

# တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၄-၃-၂၀၂၄ ရက်နေ့မှ ၁၇-၄-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီး သူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ် ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**

Myanmar MOBILE MONEY

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Fluoride ပါဝင်သောကြောင့် သွားများကို မြုပ်ဖွေးတောက်ပစေပါသည်။

**ထာဝရလှပသော အပြုံးအတွက်**



# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**ရွှေလီဦး**

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။

၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၈၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို

ဂိတ်ပိုင် ဦးပီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။

ဥက္ကဋ္ဌ-ဦးပီတာ

ဖုန်း-09-2004223, 09-47222224


## အများသိစေရန် ကြေညာခြင်း

စဉ့်ကိုင်မြို့နယ်၊ သစ်ခေါက်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာအတွင်းရှိ အရှေ့နှင့်မြောက်တွင် ဦးကျော်စိုးနေအိမ်ဝိုင်းမြေ၊ တောင်ဘက်တွင်-လမ်း၊ အနောက်လားသော်- ဦးအောင်ခင် နယ်လေးရပ်အတွင်းရှိ (၃၆)ပေ ပတ်လည်အကျယ်ဝိုင်းမြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သုံးခန်းပတ်လည် သွပ်မိုးနံကပ် အုတ်ခုံခံ တစ်ထပ်တိုက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်ဖြစ်သူ ဦးဝင်းမြိုင်(၉/စကတ(နိုင်)၀၆၄၁၈၅)၊ ဒေါ်စန်းစန်းရီ(၉/စကတ(နိုင်)၀၇၁၀၈၀)ထံမှ ကသဲစုကျေးရွာနေ ကိုဝင်းမင်းထက်(၉/စကတ(နိုင်)၀၈၄၀၆၁) သည် ငွေအပြေအကျေပေးချေ၍ လက်ရောက်ရဝယ်ယူထားပြီးဖြစ်ကြောင်း၊ အဆိုပါ အိမ်ဝိုင်းမြေနှင့်ပတ်သက်၍ ကိုဝင်းမင်းထက် သာလျှင် စီမံခန့်ခွဲခွင့်အပြည့်အဝရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုဝင်းမင်းထက်(၉/စကတ(နိုင်)၀၈၄၀၆၁)**

**ကသဲစုကျေးရွာ၊ စဉ့်ကိုင်မြို့နယ်။**


**သင့်သွေးဖြင့် အသက်ကယ်ပါ**


## သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ၆၁-လမ်းနေ ဦးရီွှတ်ဘိုင်(၉/မရမ(နိုင်)၀၆၂၈၉၄)ကိုင်ဆောင်သူ+(ဒေါ်ခင်ဖြူ)၏သမီးများဖြစ်ကြသော ၂၈× ၂၉လမ်းကြား၊၈၃-လမ်းနေ **မခင်မာလွင်(၉/မရမ(နိုင်)၀၇၁၇၉၅)**ကိုင်ဆောင်သူနှင့် ၁၉-လမ်းနေ **မခင်စောဖြူ(၉/မရမ(နိုင်)၀၆၂၈၈၃)** ကိုင်ဆောင်သူနှစ်ဦးတို့သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် မကြားဝံ့မနာသာ စကားများပြောဆိုခြင်း၊ လုံးဝခွင့်မလွှတ်နိုင်သောကိစ္စများ ဆက်လက်ပြုလုပ်နေပါသဖြင့် ယခုကြော်ငြာသည့်နေ့မှစ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| --- | --- |
| ဦးရီွှတ်ဘိုင် | ဦးဝင်းအေး(LL.B) |
| (၉/မရမ(နိုင်)၀၆၂၈၉၄) | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၃၄၅၂/၂၈. ၉. ၁၇) |
| | 09-402589859,09-974295203 |


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုး မဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထား ဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှုအောင်မြင်ရန်အတွက်လည်း မိမိ အုပ်ချုပ်ရသည့်လက်အောက်ငယ်သားကို ကျောသား ရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရ မည်ဖြစ်...

❖ တစ်ဦးချင်းစီ၏စိတ်နေသဘောထားနှင့် လုပ်ဆောင် နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကို လည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြော ကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေ ခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည် ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုး ဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များ ဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင် ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုး မှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက် ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေ ရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နွေရာသီ ရေရှားပါးမှုများဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများကို ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက် သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန်ပံ့ပိုးဖြည့် ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက် လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် အချက်အလက်များအချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရေးအတွက် **www.water-donation.com Website** အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေပြတ်လပ်မှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက် နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန များမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေ ရှားပါးမှုဖြစ်ပေါ်ပါက ဖုန်း၊ **Facebook**၊ **Viber**၊ **Messenger**- စသည့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့ နိုင်ကြောင်း အသိပေးထားပြီးဖြစ်ပါသည်။

**စာမျက်နှာ ၁၈ ကော်လံ ၄☆**

# မီယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဒန်နီကောလင်း ဆွတ်ခူးရရှိ



**ဖလော်ရီဒါ မတ် ၃၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပ သည့် မီယာမီအိုးပင်း အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လု ပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ် ဒန်နီကောလင်းနှင့် ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင် ကစားကြရာ ဒန်နီကောလင်းက (၇-၅၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ရိုင်ဘာကီနာသည် ဗိုလ်စွဲရန်ရေပန်း စားခဲ့သော်လည်း ဗိုလ်လုပွဲစဉ်၏

**စာမျက်နှာ ၁၈ ကော်လံ ၁❑**

## မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် ဖမ်းဆီးရမိ

စာမျက်နှာ - ၂၁

**ထူးခြားသည့် နေ့အပူချိန်များ**

(၃၁-၃-၂၀၂၄)

**ချောက်**
၄၄ ဒီဂရီဆဲလ်စီးယပ်

**မင်းဘူး**
၄၂ ဒီဂရီဆဲလ်စီးယပ်

**မကွေး**
၄၂ ဒီဂရီဆဲလ်စီးယပ်

**တောင်တွင်းကြီး**
၄၂ ဒီဂရီဆဲလ်စီးယပ်

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..